ကြေးမုံ
The Mirror
၁၃၆၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်၊ သောကြာနေ့၊ (22-9-2006) (၅၀၈၈)

**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အိန္ဒိယသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဆောင်သော ချစ်ကြည်ရေးအဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော်   စက်တင်ဘာ   ၂၁

**ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Shekhar Duttဦးဆောင်သော ချစ်ကြည်ရေးအဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။**

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကြည်ဝင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူတို့ တက်ရောက်ကြပြီး ဧည့်သည်တော်အိန္ဒိယသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Shekhar Dutt ဦးဆောင်သော ချစ်ကြည်ရေးအဖွဲ့နှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Bhaskar Kumar Mitra ၊ စစ်သံမှူး Colonel Jasvinder Singh Chopra နှင့် သံရုံးအဖွဲ့ဝင်များ တက်ရောက်ကြသည်။

(သတင်းစဉ်)



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အိန္ဒိယသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Shekhar Dutt အား နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အိန္ဒိယသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Shekhar Dutt ဦးဆောင်သော ချစ်ကြည်ရေးအဖွဲ့အား နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror
၂၂–၉–၂၀၀၆
(သောကြာနေ့)

# ပြည်ပဈေးကွက်ဝင် ဝါးနှင့်ကြိမ် တိုးမြှင့်ထုတ်လုပ်

မြန်မာနိုင်ငံသည် သစ်တောသယံဇာတ ပေါများကြွယ်ဝသော နိုင်ငံဖြစ်ရာ ပြည်ပဈေးကွက်ရှိသော သစ်တောထွက်ပစ္စည်းများကို တိုးမြှင့်ထုတ်လုပ်တင်ပို့ခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည် ဖြစ်သည်။

သစ်တောထွက်ပစ္စည်းတစ်မျိုးဖြစ်သည့်ဝါးကို ကုန်ချောပစ္စည်းများအဖြစ် ပြုပြင်ထုတ်လုပ်ခြင်းနှင့် ဝါးမီးသွေးများ ထုတ်လုပ်တင်ပို့ခြင်းများ လုပ်ကိုင်လျက်ရှိရာ ဝါးကုန်ကြမ်းလိုအပ်ချက်သည် တစ်နေ့တခြား များပြားလျက်ရှိသည်။ ဝါးမီးသွေးသည် လျှပ်စစ်ကူးနိုင်မှုမရှိသည့်အတွက် လျှပ်ကူးပစ္စည်းကြားခံအဖြစ်လည်းကောင်း၊ ရေထုနှင့် လေထုကို ညစ်ညမ်းမှုလျော့နည်းစေသည့်အတွက် လည်းကောင်း အသုံးပြုမှုများပြားလာသည်ကို တွေ့ရသည်။

မြင်ဝါး၊ ဝါးနွယ်၊ ဝါးယား၊ ကြသောင်းဝါး၊ သိုက်ဝါး၊ တင်းဝါးနှင့် ဝါးနက်တို့သည် မီးသွေးဖုတ်ရန် သင့်လျော်သည့် ဝါးအမျိုးအစားများဖြစ်သည်။ တရုတ်နှင့် ဂျပန်နိုင်ငံတို့သို့ လစဉ်တင်ပို့လျက်ရှိပြီး ဝါးမီးသွေးတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀၀ ကျော်ခန့်ရရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ သဘာဝသစ်တောထွက်ပစ္စည်းတစ်မျိုးဖြစ်သည့် ကြိမ်များမှာ ဧရာဝတီတိုင်း၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့မှ အများဆုံးထွက်ရှိသည်။ ထားဝယ်ခရိုင်အတွင်း ပုလောမြို့နယ်၊ ကျွန်းစုမြို့နယ်အတွင်းရှိ ကျေးရွာများနှင့် ကော့သောင်းခရိုင်အတွင်းရှိ ပုလဲကျွန်း၊ ဆူလာကျွန်း၊ ကွမ်းသီးကျွန်းတို့မှလည်း ကြိမ်အများဆုံးထွက်ရှိ၍ ထုတ်လုပ် ရောင်းချလျက်ရှိသည်။

ကြိမ်အမျိုးအစားပေါင်း များစွာရှိသော်လည်း ကြိမ်နှာမောင်း (လက်မဲကြိမ်)၊ တောတန်းလန်းကြိမ်၊ ကုလားကြိမ်၊ ဝါးရင်းကြိမ်၊ ကြိမ်ဖြူနှင့် ကြိမ်ပုပ်စသည်တို့သာ ဈေးကွက်အတွင်း ရောင်းတမ်းဝင်သည့် ကြိမ်များဖြစ်သည်။ ရောင်းတမ်းဝင်ကြိမ်တစ်လုံးကို ကိုးတောင်(၁၃ ပေခွဲ)အရှည်သတ်မှတ်ထားသည်။

မြန်မာ့သစ်တောထွက်ကြိမ်များကို ကုန်ကြမ်းအဖြစ်သာမက မြန်မာ့လက်မှုအနုပညာလက်ရာဖြင့် ကြိမ်အသုံးအဆောင်များ ပစ္စည်းများထုတ်လုပ်ရောင်းချလျက်ရှိရာ တရုတ်နိုင်ငံနှင့် ဥရောပနိုင်ငံအချို့မှလည်း ဝယ်ယူလျက်ရှိသည်။

ယခုအခါ ပြည်ပဈေးကွက်ဝင် ဝါးများကို ပဲခူးတိုင်း၊ မန္တလေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိုးချဲ့စိုက်ပျိုးသွားနိုင်ရေးအတွက် ပျိုးထောင်စိုက်ပျိုးခြင်းသင်တန်း၊ ဝါးကုန်ချောပြုလုပ်သည့် သင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိသည်။

မြန်မာ့ရောင်းတမ်းဝင် ကြိမ်နှင့် ဝါးများကို ကုန်ကြမ်းရော အရည်အသွေးမြင့်ပစ္စည်းများပါပြုလုပ်၍ ရောင်းချခြင်းဖြင့် အကျိုးဖြစ်ထွန်းမှု ပိုမိုရရှိနိုင်သည်ဖြစ်ရာ သစ်တောထွက်ပစ္စည်းများ စနစ်တကျ တိုးမြှင့် ထုတ်လုပ်တင်ပို့နိုင်ရေး ကြိုးပမ်းသွားကြရမည် ဖြစ်ပါသည်။ ။



အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များ သီတင်းသုံးတော်မူရန် အသစ်ဆောက်လုပ်မည့် သုံးထပ်ဆောင်ကျောင်းတော်ကြီးအတွက် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်းနေ ကျောင်းအလှူရှင် ဦးကြင်အောင်–ဒေါ်ခင်ရွှေတင့်(DI) မိသားစုက အလှူတော်ငွေကျပ် ၁၁၀၀၀၀၀ လှူဒါန်းမှုအတွက် ကျောင်းတော်ကြီးဖြစ်မြောက်ရေး အကျိုးတော်ဆောင် ဒေါ်မြရှင်(ပုလဲရတနာရောင်းဝယ်ရေး)က ဓမ္မဒူတဆရာတော် အရှင်ဆေကိန္ဒရေ့မှောက်၌ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည် ပေးအပ်စဉ်။ (က–ပ)

ပြည်သူ့သဘောထား
★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ၂၀၀၆ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၁

**၂၀၀၆ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ်အခမ်းအနားကို စက်တင်ဘာ ၉ရက် နံနက် ၉ နာရီခွဲက မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်စံထွန်းနှင့် တပ်မတော်အရာရှိကြီးများ၊ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမောင်မြို့နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ သူနာပြုသင်တန်းသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ထူးချွန်ကြက်ခြေနီအဖွဲ့များနှင့် မြို့မိမြို့ဖများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**

**အမှာစကားပြောကြား**

အစီအစဉ်အရရှေးဦးစွာကျောင်းသား၊ ကျောင်းသူများက မြင့်မြတ်ဂုဏ်ရည် ကြက်ခြေနီတေးသီချင်းဖြင့် စုပေါင်းသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကိုယ်စား ပြည်နယ် အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမောင်မြို့က အမှာစကား ပြောကြားသည်။

**ချီးမြှင့်**

ထို့နောက် ၂၀၀၆ခုနှစ် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှချီးမြှင့်သည့် ကချင်ပြည်နယ်မှ ထူးချွန်ဆုရကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ သင်တန်းထူးချွန်ဆုရတပ်ဖွဲ့ဝင်များအား ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ် ချီးမြှင့်ကြသည်။

**ပေးအပ်**

ထို့နောက် မြစ်ကြီးနားမြို့ အေးစေတီရပ်ကွက်မှ တာဝန်ခံတစ်ဦးက ရာသက်ပန် ကြက်ခြေနီအသင်းဝင် အဆိုပြုလွှာ ၁၀၀ကိုပြည်နယ်ပညာရေးမှူး ဦးခဏ်းအောင်ထံ ပေးအပ်သည်။

**ရပ်သိမ်း**

ဆက်လက်၍ အာဟာရဖွံ့ဖြိုးမှု လုပ်ငန်းများအတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ငွေကျပ်ငါးသိန်း၊ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ငွေကျပ်ငါးသိန်း၊ ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့တို့က ငွေကျပ်တစ်သိန်းစီ၊ နဂါးနှစ်ကောင်ဟိုတယ်မှ ငွေကျပ်တစ်သိန်း၊ ဒေါ်အားမေက ငွေကျပ် တစ်သိန်း၊ ဦးမောင်ချမ်းက ငွေကျပ်ငါးသောင်း၊ နယူးလိုက်အထွေထွေရောင်းဝယ်ရေး လုပ်ငန်းက ငွေကျပ်တစ်သိန်း၊ ဦးအောင်မင်းဖြိုးဆွေမိသားစုကုမ္ပဏီမှ ငွေကျပ်တစ်သိန်း စုစုပေါင်း ငွေကျပ် ၁၆ သိန်း ငါးသောင်းကို အလှူရှင်များက ပေးအပ်လှူဒါန်းရာ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးစန်းလွင်က လက်ခံရယူ၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**ကြည့်ရှုအားပေး**

အခမ်းအနားအပြီးတွင် ဒုတိယတိုင်းမှူးနှင့် တက်ရောက်လာကြသူများသည် ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ကချင်ပြည်နယ်ကြက်ခြေနီတပ်ဖွဲ့၏ ပြည်သူ့အကျိုးပြုဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



# ရှေးဟောင်းဘုရားများ ပြုပြင်ရန်နှင့် အခမဲ့ဆေးကုသမှုကော်မတီသို့ ငွေလှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၂၁**

ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် လမ်းမတော်လမ်း အမှတ် (၁၁၂) နေ ဦးတင်ငွေ–ဒေါ်ခင်ခင်မြင့် မိသားစုက အနန္တဂိုဏ်းဝင် ကျေးဇူးရှင်များအား ရည်စူး၍ ကျောက်တန်းမြို့နယ်ရှိ ရှေးဟောင်းဘုရားခုနစ်ဆူ ရွှေသင်္ကန်းကပ်လှူရန်အတွက် အလှူတော်ငွေကျပ် ၂၁ သိန်း၊ ပရိယတ္တိစာသင်တိုက် ကိုးတိုက်အတွက် ငွေပဒေသာပင် ငွေကျပ် ၁၈ သိန်း၊ သာသနာ့ဗိမာန်တော်ကြီး ပြုပြင်ရန်အတွက် အလှူငွေကျပ် နှစ်သိန်းနှင့် ပြည်သူ့ဆေးရုံကြီး အခမဲ့ ဆေးကုသမှုကော်မတီအတွက် အလှူငွေကျပ်နှစ်သိန်း စုစုပေါင်း အလှူတော်ငွေ ကျပ် ၄၃ သိန်း လှူဒါန်းပွဲ အခမ်းအနားကိုစက်တင်ဘာ ၁၈ ရက် နံနက် ၉ နာရီက ဦးတင်ငွေ–ဒေါ်ခင်ခင်မြင့် မိသားစုတို့၏ နေအိမ်၌ ကျင်းပရာ မြို့နယ်သံဃာ့နာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တဝိလာသက ရေစက်ချ အနုမောဒနာ တရားဟောကြားတော်မူပြီးဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြောင်း သိရသည်။ (ကြေးမုံ)

**ပေးအပ်လှူဒါန်း**

**အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့တွင် တည်ဆောက်လျက်ရှိသော ကမ္ဘာ့ဝိပဿနာ စေတီတော်ကြီးအတွက် စစ်ကိုင်းတိုင်း မုံရွာမြို့ သလ္လာမြို့သစ် ဗန္ဓုလလမ်းနေ အလှူရှင် ဦးသော်–ဒေါ်ခင်ပုမိသားစုတို့က လှူဒါန်းငွေကျပ်တစ်သိန်းကို အပြည်ပြည်ဆိုင်ရာ ဓမ္မဂီရိဝိပဿနာအဖွဲ့အတွင်းရေးမှူး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးကျော်ခင်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။** (က–ပ)

# မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၂၂–၉–၂၀၀၆ (သောကြာနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၇:၀၀ | ၁။ မြဝတီအဖွင့် |
| ၇:၀၅ | ၂။ အဖွင့်သီချင်း |
| ၇:၁၀ | ၃။ မျိုးချစ်တပ်မတော် |
| ၇:၁၅ | ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၅။ မြန်မာသံစဉ်ချိုနားဝင် |
| ၇:၄၅ | ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| ၇:၅၀ | ၇။ သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇:၅၅ | ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈:၀၀ | ၉။ မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈:၁၅ | ၁၁။ အပိတ်နှုတ်ဆက်စကား |
| ၈:၁၆ | ၁၂။ ပြီးပါပြီ။ |

**ညပိုင်း**

| | |
|---|---|
| ၄:၀၀ | ၁။ မြဝတီအဖွင့် |
| ၄:၀၅ | ၂။ အဖွင့်သီချင်း |
| ၄:၁၀ | ၃။ လက်စွမ်းပြဟန်ဂီတသံ |
| ၄:၁၅ | ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၄:၃၅ | ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး |
| ၄:၅၅ | ၆။ မျိုးချစ်တပ်မတော် |
| ၅:၂၅ | ၇။ အလွမ်းတေးပန်းချီချစ်သူဆီ |
| ၅:၄၀ | ၈။ သာယာသီကြွေးခေတ်ဆန်းတေး |
| ၆:၀၀ | ၉။ မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၁၀။ နိုင်ငံတကာသတင်း |
| ၆:၂၀ | ၁၁။ မိုးလေဝသသတင်း |
| ၆:၃၀ | ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆:၃၅ | ၁၃။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား |
| ၆:၄၀ | ၁၄။ လျှပ်တစ်ပြက်ရိုက်ချက် |
| ၇:၀၀ | ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သံယောဇဉ်" (အပိုင်း–၁၉) (ဇာတ်သိမ်းပိုင်း)** |
| ၈:၀၀ | ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၈။ **သံဃာ့ဂုဏ်ရည် မြတ်လယ်တီ** –ဒို့မြန်မာလူမျိုးအတွက်ရေးသည်၊ စာတစ်ပုဒ် ရွှေတစ်ချောင်း |
| | ၁၉။ စိုက်ပျိုးသုတ |
| | ၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| | ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြိုင်ဟောဝန်ကသိုင်းလုလင်" (ဒုတိယတွဲ) (အပိုင်း–၂၅)** |
| | ၂၂။ သင့်အတွက်မနက်ဖြန် |
| | ၂၃။ အပိတ်နှုတ်ဆက်စကား |
| | ၂၄။ ပြီးပါပြီ။ |

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြ

# စားသုံးသူများ တိုက်ရိုက်အကျိုးခံစားခွင့်ရရှိစေမည့် ကုန်တင်ရေယာဉ်(အမြန်)လမ်းသစ်များ

မောင်တင်လှိုင်
(ဟိုတယ်/ခရီး)

ကုန်ထုတ်လုပ်မှု အရှိန်အဟုန်မြှင့်တင်ရေး၊ ကုန်စည်စီးဆင်းမှု သွက်လက်မှန်ကန် မြန်ဆန်ရေးတို့အတွက် နိုင်ငံတော်၏ လမ်းညွှန်ချက်များနှင့်အညီ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် လုပ်ငန်းများကို အရှိန်အဟုန်မြှင့်လျက် စွမ်းစွမ်းတမံ ကြိုးစားဆောင်ရွက်လျက်ရှိနေပါသည်။ စီမံရေးရာဌာန၊ သယ်ယူပို့ဆောင်ရေးဌာန၊ အင်ဂျင်နီယာဌာန၊ ရေကြောင်းဌာန၊ ငွေစာရင်းဌာန၊ ကုန်ပို့ဆောင်ရေးဌာန၊ စစ်ဆေးရေးဌာနတို့ဖြင့် လုပ်ငန်းများဆောင်ရွက်လျက် ရှိပါသည်။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ ရည်မှန်းချက်ဆောင်ပုဒ်ဖြစ်သော ရေယာဉ်နှင့်ခရီးသည်များ အန္တရာယ်ကင်းရှင်းရေး (Safety)၊ လုပ်ငန်းစွမ်းဆောင်မှု အပြည့်အဝပေးရေး (Service)၊ လုပ်ငန်းခွင် အသွင်အပြင်ကောင်းမွန်ရေး(Image) ဆောင်ပုဒ်များအတိုင်း ကူးသန်းသွားလာမှုရှိသော မြစ်ကြောင်းများ (Commercially Navigable Waterways)ဖြစ်သည့် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ မြစ်ဝကျွန်းပေါ်ဒေသ၊ ရခိုင်ပြည်နယ်ရှိ ကုလားတန်မြစ်၊ လေးမြို့မြစ်၊ မေယုမြစ်နှင့် ကရင်ပြည်နယ် သံလွင်မြစ်၊ ဂျိုင်းမြစ်၊ အတ္တရံမြစ်တို့တွင် ခရီးသည်နှင့် ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ခရီးသည်နှင့် မော်တော်ယာဉ် သွားလာမှု အဆင်ပြေစေရေးအတွက် ကူးတို့လမ်းများ ပြေးဆွဲဆောင်ရွက်လျက်ရှိခြင်း၊ နိုင်ငံပိုင်အဖွဲ့အစည်းများ၏ စီမံကိန်းဝင်ကုန်ပစ္စည်းများ ပို့ကုန်/သွင်းကုန်ပစ္စည်းများ၊ နိုင်ငံပိုင်စက်ရုံများမှ ထုတ်လုပ်သော ကုန်ပစ္စည်းများ၊ သမဝါယမနှင့် ပုဂ္ဂလိကကုန်ပစ္စည်းများ သယ်ယူပို့ဆောင်မှုကို အလေးထား ဆောင်ရွက်လျက်ရှိပါသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ကုန်ပို့ဆောင်ရေးဌာနခွဲသည် ပြည်သူတို့အတွက် အစဉ်အလာမပျက် ပြေးဆွဲလျက်ရှိသော ဈေးသင်္ဘောကြီးများကို ရန်ကုန်၊ မန္တလေး ခရီးစဉ်တစ်လျှောက် ပြေးဆွဲနေခြင်း၊ မြစ်ဝကျွန်းပေါ်ဌာနခွဲသည်လည်း မြစ်ဝကျွန်းပေါ်ဒေသအသီးသီးသို့ သင်္ဘောများပြေးဆွဲနေခြင်း၊ ပြည်နယ်နှင့် တိုင်းအသီးသီးရှိ လုပ်ငန်းဌာနခွဲများမှ သင်္ဘောများပြေးဆွဲနေခြင်းစသည်ဖြင့် စီစဉ်ဆောင်ရွက်နေသည်ကို လေ့လာတွေ့ရှိရပါသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ရန်ကုန်–လပွတ္တာနှင့် ရန်ကုန်–ဘိုကလေး ကုန်တင်အမြန်ရေယာဉ် လိုင်းသစ်များကို ၁၂–၆–၂၀၀၆ရက်နေ့က စတင်ဖွင့်လှစ်လျက်ရှိပြီး ၂၄–၆–၂၀၀၆ရက်နေ့တွင် မန္တလေး–ဗန်းမော် ကုန်တင်ရေယာဉ်(အမြန်)လမ်းသစ်ဖွင့်ပွဲကို ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။

ပုံမှန်ပြေးဆွဲပေးနေသည့် ရေယာဉ်များနည်းတူ ဈေးနှုန်းတစ်ပြေးညီဖြင့် ကောက်ခံသွားမည်ဖြစ်သည်။ စားသုံးသူ ပြည်သူများ တိုက်ရိုက်အကျိုးခံစားခွင့်ရရှိရေးအတွက် ကုန်တင်ရေယာဉ်(အမြန်)လမ်း ပြေးဆွဲပေးခြင်းဖြစ်သည်။ ပုံမှန်ရေယာဉ်များ ဆိုက်ကပ်သည့် ဆိပ်ကမ်းများအားလုံးကို ဆိုက်ကပ်မည်မဟုတ်ဘဲ၊ လူနှင့်ကုန်စည်အများဆုံး အတင်အချ ပြုလုပ်နိုင်သည့် ဆိပ်ကမ်းများ၌သာ ဆိုက်ကပ်သွားမည်ဖြစ်ကြောင်း သိရပါသည်။

**ယင်းသို့ ကုန်တင်ရေယာဉ်များ ပြေးဆွဲပေးခြင်းဖြင့် အဓိကထွက်ကုန်ဖြစ်သည့် ဆန်နှင့်ဆန်ထွက်ပစ္စည်းများ၊ ရေထွက်ပစ္စည်းများ၊ မန္တလေးတိုင်းမှ ထွက်ရှိသော ကုန်ပစ္စည်းများသည် မြန်မာပြည်အရပ်ရပ်သို့လည်းကောင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ ထွက်ရှိသော ကုန်ပစ္စည်းမျိုးစုံကို မြန်မာပြည်အရပ်ရပ်သို့လည်းကောင်း ပုံမှန်ရောက်ရှိမည်ဖြစ်သည့်အတွက် များစွာအကျိုးသက်ရောက်မှု ရရှိစေပါသည်။**

မြစ်ဝကျွန်းပေါ်ဌာနခွဲမှ ပြေးဆွဲသည့် ရန်ကုန်–လပွတ္တာကုန်တင်ရေယာဉ်(အမြန်)လမ်းနှင့် ရန်ကုန်–ဘိုကလေး ကုန်တင်ရေယာဉ်(အမြန်)လမ်းများကို ဒေသများ၏ လိုအပ်ချက်အရ တိုးချဲ့ပြေးဆွဲခြင်းဖြစ်ပါသည်။ ရန်ကုန်မှ လပွတ္တာသို့ အတွင်း/အပြင်လမ်းဖြင့် ပြေးဆွဲလျက်ရှိရာ ရန်ကုန်–လပွတ္တာအပြင် အထူးအမြန် ကုန်တင်ရေယာဉ်ခရီးစဉ်ကို ရန်ကုန်မှ တနင်္လာ–သောကြာနေ့တို့တွင် မွန်းလွဲ ၂နာရီတွင် ထွက်ခွာပြီး ရွှေလောင်း–ကထရံ–ကန်ဘဲ့–ဘီတွတ်ဆိပ်ကမ်းများတွင် ဆိုက်ကပ်၍ လပွတ္တာမြို့သို့ နောက်တစ်နေ့ မွန်းတည့် ၁၂နာရီတိတိတွင် ဆိုက်ရောက်မည်ဖြစ်သည်။ လပွတ္တာမှ ရန်ကုန်သို့ တနင်္ဂနွေနှင့် ဗုဒ္ဓဟူးနေ့တို့တွင် နံနက် ၇နာရီမှ စတင်ထွက်ခွာပြီး အလာခရီးစဉ်အတိုင်း ရပ်နား၍ ရန်ကုန်မြို့သို့ နောက်တစ်နေ့ နံနက်၆နာရီတွင် ဆိုက်ရောက်မည်ဖြစ်သည်။

ရန်ကုန်–ဘိုကလေး အထူးအမြန် ကုန်တင်ရေယာဉ် ခရီးစဉ်ကို ရန်ကုန်မှ တနင်္လာနှင့်ကြာသပတေးနေ့တိုင်း ညနေ၆နာရီခွဲတွင် စတင်ထွက်ခွာပြီး ဘိုကလေးမှ အင်္ဂါနှင့်သောကြာနေ့တို့၌ ညနေ ၅နာရီတွင် စတင်ထွက်ခွာပါမည်။ အသွားအပြန် မြင်းကကုန်းဆိပ်၌ ရပ်နားမည်ဖြစ်ပြီး ရန်ကုန်မြို့သို့ နောက်တစ်နေ့ နံနက် ၅ နာရီ၌ ရောက်ရှိမည်ဖြစ်ပါသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ရေယာဉ်စီး ခရီးသွားပြည်သူများ အဆင်ပြေစွာ စီးနင်းလိုက်ပါရေးအတွက် စေတနာရှေ့ထား ဆောင်ရွက်လျက်ရှိပြီး မိမိဝန်ဆောင်မှုဖြင့် ဌာန၏ဂုဏ်သိက္ခာ တိုးတက်မြင့်မားစေရန်အတွက်လည်း ရည်ရွယ်ဆောင်ရွက်နေကြောင်း လေ့လာတွေ့ရှိရပါသည်။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် တစ်နှစ်ထက်တစ်နှစ် ဝင်ငွေများ တိုးတက်လျက်ရှိကြောင်းလည်း သိရသည်။

ရေယာဉ်မှူးများနှင့် ဝန်ထမ်းများသည် စီမံခန့်ခွဲရေးဆိုင်ရာတို့၏ ညွှန်ကြားချက်အတိုင်း တိကျစွာလိုက်နာခြင်း၊ ဆက်ဆံရေးကောင်းမွန်ခြင်း၊ အရေးကြုံလာခဲ့သော် နိုင်ငံပိုင်ပစ္စည်းများ၊ သမဝါယမပိုင်ပစ္စည်းများ၊ ပုဂ္ဂလိကပိုင်ပစ္စည်းများနှင့် ခရီးသည်များ၏ အသက်များ မဆုံးရှုံးရအောင် ဆောင်ရွက်လုပ်ကိုင်လျက်ရှိကြရာ များစွာဂုဏ်ယူမိပါသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် နိုင်ငံတော် စီမံကိန်းဝင်ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရေးအတွက်ကိုလည်း လိုအပ်လာသည့် အချိန်ပိုင်းတွင် မူလတာဝန်ဖြစ်သည့် ခရီးသည်နှင့် ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ပေးလျက်ရှိသည့် ဝန်ဆောင်မှု လုပ်ငန်းတာဝန်များ လစ်ဟင်းမှုမရှိစေဘဲ စီစဉ်ဆောင်ရွက်ပေးနိုင်ကြောင်း သိရှိရပါသည်။

ပို့ဆောင်ရေး ဝန်ကြီးဌာန ဆောင်ပုဒ်ဖြစ်သည့် "များများသယ်၊ မြန်မြန်ပို့၊ ပြည်သူစိတ်ချမ်းသာဖို့" ဟူသော ပို့ဆောင်ရေးဝန်ကြီး၏ ညွှန်ကြားချက်ကိုခံယူကာ ဆောင်ရွက်နေသည့်အတွက် အောင်မြင်မှုများ ရရှိနေခြင်း ဖြစ်ပါသည်။

**ယခုကာလတွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည်ခရီးသည်–ကုန်ရေယာဉ်လမ်း(Passenger Cum-Cargo-Service)အပြင် ကုန်တင်ရေယာဉ်(အမြန်)လမ်း(Special Cargo Service)ပြေးဆွဲမှုကို သင့်လျော်သည့် ရေယာဉ်များ အသုံးပြု၍ အချိန်တိုအတွင်း ကုန်စည်များ လုံခြုံစိတ်ချစွာ သယ်ယူပို့ဆောင်ပေးခြင်းဖြင့် နိုင်ငံတော်အတွက် ဝင်ငွေ တိုးတက်ရရှိအောင် စီမံဆောင်ရွက်နေပါသည်။**

ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးသည် စက်ရှိ/စက်မဲ့ ဆိပ်ခံတွဲ စုစုပေါင်း ၅၁၆စင်းကိုအသုံးပြုပြီး ခရီးမိုင်ပေါင်း ၇၄၉၃မိုင်တွင် ခရီးလမ်းပေါင်း ၆၂ ခုပြေးဆွဲပြီး ခရီးသည်နှင့်ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများကို တစ်နှစ်ထက်တစ်နှစ် တိုးတက်အောင် ဆောင်ရွက်ခဲ့ရာ ၂၀၀၅–၂၀၀၆ ဘဏ္ဍာရေးနှစ်တွင် ဝင်ငွေစုစုပေါင်း ကျပ် ၃၉၄၈ဒသမ၀၅သန်းနှင့် နိုင်ငံခြားငွေ ဒေါ်လာ ၀ဒသမ၆၅သန်းရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။ မြန်မာနိုင်ငံတွင် စက်တပ်ရေယာဉ်များ အသုံးပြုမှုကို ၁၈၆၅ခုနှစ်ကတည်းက စတင်ခဲ့သည်။ ၁၉၈၉ခုနှစ် ဧပြီလ ၁ရက်နေ့တွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအမည်ဖြင့် လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ပါသည်။ ဧရာဝတီမြစ်၊ချင်းတွင်းမြစ်၊မြစ်ဝကျွန်းပေါ်ဒေသ၊ ရခိုင်၊ မွန်နှင့်ကရင်ပြည်နယ်ရှိ စီးပွားဖြစ် ကူးသန်းသွားလာနိုင်သော ရေကြောင်းလမ်းများမှာ ခရီးမိုင်ပေါင်း ၇၄၉၃မိုင်ဖြစ်ပြီး တစ်နှစ်လျှင် ခရီးသည် ၂၅သန်းခန့်နှင့် ကုန်တန်ချိန် ၄ဒသမ ၃သန်းခန့်ကို အဆင်ပြေချောမွေ့စွာ ပို့ဆောင်ပေးလျက်ရှိပါသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန၊ပြည်တွင်းရေကြောင်းပို့ဆောင်ရေး သယ်ယူပို့ဆောင်ရေးဌာန(ဧရာဝတီဌာနခွဲ)၏ မန္တလေး–ဗန်းမော် ကုန်တင်ရေယာဉ် (အမြန်)လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ၂၄–၆–၂၀၀၆ ရက်တွင် မန္တလေးမြို့ရှိ ဂေါဝိန်ဆိပ်ကမ်း၌ ကျင်းပခဲ့ရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက "နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်များနှင့်အညီ နိုင်ငံတော်တွင် ကျင့်သုံးနေသည့် ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်ရေး၊ ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ရေး၊ ကုန်ဈေးနှုန်းတည်ငြိမ်ကျဆင်းရေးတို့ကို အဓိက အထောက်အကူပြုနိုင်မည့် ကုန်တင်ရေယာဉ်(အမြန်)လမ်းသစ်ကို ဇွန်၁၂ရက်တွင် မြစ်ဝကျွန်းပေါ်ဌာနခွဲ၌ ဖွင့်လှစ်ပေးခဲ့ပြီး ယနေ့တွင် ဧရာဝတီဌာနခွဲ ကုန်တင်ရေယာဉ်(အမြန်) လမ်းသစ်ကို စတင်ပြေးဆွဲသွားမည်ဖြစ်ကြောင်း။

မှတ်တမ်းများအရ ရေယာဉ်များဖြင့် တစ်လတွင် ဆန်တန် ၁၀၀၊ ဟင်းချက်ဆီ ၁၄၅တန်၊ ဆား ၁၉၆ဒသမ ၅တန်၊ ကြက်သွန် ၃၄၆ဒသမ ၂တန်၊ ပဲတီစိမ်း၊ ပဲပုပ်စေ့ ၁၇၉ ဒသမ ၇တန်၊ ငရုတ်အိတ် ၂ဒသမ ၃တန်၊ ဘိလပ်မြေ ၅၅၅တန်နှင့် သံထည်ပစ္စည်း ၁၉၁ ဒသမ ၅ တန်၊ ကြက်စာ ၁၆၇ဒသမ ၂တန်၊ ဖွဲနု ၁ဒသမ ၆တန်၊ အထွေထွေ လူသုံးကုန်ပစ္စည်း ၁၉၃၈တန် စုစုပေါင်း ၃၈၂၃တန် မန္တလေးမြို့မှ ထွက်ရှိပြီး တစ်လတွင် မြေပဲ၊ မြေထောက်ပဲ၊ စားတော်ပဲ တန် ၁၉၁၀၊ သံနှင့်သံထည်ပစ္စည်း ၁၁တန်၊ ဖွဲနု ၁၃၂တန်၊ အထွေထွေ လူသုံးကုန်ပစ္စည်း ၁၄၃၁တန် စုစုပေါင်း ၃၄၈၄တန် မန္တလေးသို့ အဝင်ရှိသည်ကို သိရကြောင်း၊ ထို့ကြောင့် ရေယာဉ်များဖြင့် ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းသည် အရေးပါလျက်ရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးဝန်ထမ်းများအနေဖြင့် လက်တွေ့ဘဝနှင့် ပိုမိုလိုက်လျောညီထွေဖြစ်သော၊ ပိုမိုပြီး လုပ်ငန်းအဆင်ပြေချောမွေ့သော နည်းလမ်းအသစ်များ ကြံဆ၍ ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း မန္တလေးတိုင်းသည် လူဦးရေ ၇ဒသမ ၆သန်းကျော်နှင့် မြန်မာပြည်အရပ်ရပ်ရှိ စားသုံးသူများလက်သို့ လူသုံးကုန်များ အချိန်နှင့်တစ်ပြေးညီရောက်ရှိပြီး ဈေးနှုန်းသက်သာစွာဖြင့် စားသုံးနိုင်ရေးအတွက် ရေယာဉ်များဖြင့် ကုန်စည်အမြန်ပို့ဆောင်နိုင်ရေးကို အထူးတာဝန်တစ်ရပ် အနေဖြင့် ဆောင်ရွက်နိုင်ရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မှု ပြုခဲ့ကြောင်း။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအနေဖြင့် စက်ရှိ၊ စက်မဲ့ ဆိပ်ခံတွဲ စုစုပေါင်း ၅၁၆စင်းကို အသုံးပြုပြီး ခရီးလမ်းမိုင်ပေါင်း ၇၄၉၃မိုင်တွင် ခရီးလမ်းပေါင်း ၆၂လမ်းပြေးဆွဲပြီး ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းများကို တစ်နှစ်ထက်တစ်နှစ် တိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ခြင်းအားဖြင့် ကုန်တင်သူများ၏ အားထားမှုကို တည်ဆောက်နိုင်ပြီး ဝင်ငွေတိုးတက်ရေးကို အာမခံနိုင်မည်ဖြစ်ကြောင်း။

ယခုစတင်ပြေးဆွဲမည့် မန္တလေး–ဗန်းမော် ကုန်တင်ရေယာဉ်(အမြန်)လမ်းများ ပြေးဆွဲမှုအောင်မြင်ရေးအတွက် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဝန်ထမ်းအားလုံးက တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ကြရန်နှင့် အခြား ဌာနခွဲများတွင်ပါ ယခုကဲ့သို့ ကုန်တင်ရေယာဉ်(အမြန်)လမ်းများ တိုးချဲ့ ပြေးဆွဲနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်" တိုက်တွန်း ပြောကြားသွားခဲ့ပါသည်။

ယခုဆောင်ရွက်လျက်ရှိသည့် ကုန်စည်များကို အမြန်ပို့ဆောင်ရေးလုပ်ငန်းသည် စားသုံးသူပြည်သူများ တိုက်ရိုက်အကျိုးခံစားခွင့် ရရှိစေမည်ဖြစ်၍ စေတနာရှေ့ထားကာ ကုန်တင်ရေယာဉ် အမြန်လမ်းသစ် ပြေးဆွဲမှုကို မဖြစ်မနေအောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြမည်ဟု ယုံကြည်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် နိုင်ငံတော် စီမံကိန်းဝင်ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရေးအတွက်ကိုလည်း လိုအပ်လာသည့် အချိန်ပိုင်းတွင် မူလတာဝန်ဖြစ်သည့် ခရီးသည်နှင့် ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ပေးလျက်ရှိသည့် ဝန်ဆောင်မှု လုပ်ငန်းတာဝန်များ လစ်ဟင်းမှုမရှိစေဘဲ စီစဉ်ဆောင်ရွက်ပေးနိုင်ကြောင်း သိရှိရ။

# အီရန် နျူကလီးယားပြဿနာကို အရေးယူရာတွင် အလွန်အကျွံမဖြစ်သင့်ဟု ပြင်သစ်သမ္မတ ပြောကြား

ပါရီ စက်တင်ဘာ ၂၀

**အီရန်နိုင်ငံ၏ နျူကလီးယား အစီအစဉ်နှင့်စပ်လျဉ်း၍ အရေးယူပိတ်ဆို့မှုမှန်သမျှသည် တော်သင့်ရုံသာဖြစ်သင့်ကြောင်း ပြင်သစ်သမ္မတ ဂျက်ရှီရက်က တနင်္လာနေ့တွင် ပြောကြားသည်။**

နျူကလီးယား ဆောင်ရွက်မှုလုပ်ငန်းများ ထိန်းချုပ်ထားရန် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ သတ်မှတ်ရက်ဖြစ်သည့် ဩဂုတ် ၃၁ ရက်ကျော်လွန်သော်လည်း အီရန်နိုင်ငံက ယခုအချိန်အထိ လျစ်လျူရှုထားဆဲဖြစ်သည်။ အီရန် နျူကလီးယားကိစ္စနှင့် ပတ်သက်၍ အောင်မြင်မှုမရှိပါက အီရန်နိုင်ငံကို အရေးယူ ပိတ်ဆို့မှုများ စတင်ပြုလုပ်ရန် အမေရိကန်က ဗြိဇာတိက္ကမရှိသည့် အထင်ကရ နိုင်ငံများကို တိုက်တွန်းလျက်ရှိသည်။

ရုရှား၊ တရုတ်နှင့် ဥရောပနိုင်ငံအချို့က ယင်းသို့ အရေးယူပိတ်ဆို့သည့်လုပ်ရပ်နှင့်ပတ်သက်၍ ဆင်ဆင်ခြင်ခြင်ရှိနေကြပြီး အီရန်နှင့် ဆက်လက်ညှိနှိုင်းဆွေးနွေးရေး လမ်းစဉ်ကို လိုလိုလားလားရှိနေကြသည်။

ဆွေးနွေးညှိနှိုင်းမှု မပါဝင်သည့် ဆုံးဖြတ်ချက်မှန်သမျှကို မိမိယုံကြည်မှုမရှိဟု ဂျက်ရှီရက် က ဥရောပရေဒီယိုသို့ ပြောကြားသည်။

**အလွန်အကျွံမဖြစ်သင့်**

မိမိက အရေးယူပိတ်ဆို့မှုကို မည်သည့်အခါကမျှ ကြိုက်နှစ်သက်ခြင်းမရှိခဲ့ကြောင်း၊ ယင်းသို့ ပြုလုပ်ခြင်းဖြင့် ထိရောက်မှုရှိသည်ဟု မိမိ မထင်မြင်ကြောင်း၊ အရေးယူပိတ်ဆို့မှု မလုပ်သင့်ဟု မိမိမဆိုလိုကြောင်း၊ လုပ်သင့်ပါက လုပ်ရမည်သာဖြစ်ကြောင်း၊ မည်သည့်နည်းဖြင့်မဆို အလွန်အကျွံ မဖြစ်သင့်ကြောင်း၊ လိုက်လျောညီထွေရှိသင့်ကြောင်း သို့ရာတွင် ညှိနှိုင်းဆွေးနွေးရေးလောက် ကောင်းမွန်ခြင်းမရှိကြောင်း ရှီရက်က ပြောကြားသည်။

***အမ်အင်အေ၊ရိုက်တာ။***



စင်ကာပူ၌ ကျင်းပသော ဒရင်လိုင်နာ လေကြောင်းပြပွဲကို စက်တင်ဘာ ၂၀ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

# လက်ဘနွန်တောင်ပိုင်း၌ ဗုံးပေါက်ကွဲ

**ဘေရွတ် စက်တင်ဘာ ၂၀**

လက်ဘနွန်နိုင်ငံ တောင်ပိုင်းဒေသတွင် စစ်ပွဲဖြစ်ပွားခဲ့စဉ်ကာလအတွင်း အစ္စရေးတပ်ဖွဲ့ဝင်များ ချထားခဲ့သည့် ဗုံးတွဲပေါက်ကွဲသဖြင့် လက်ဘနွန်နိုင်ငံသားတစ်ဦးနှင့် ၎င်း၏ဇနီးတို့ တနင်္လာနေ့တွင် ထိခိုက်ဒဏ်ရာရရှိကြောင်း လက်ဘနွန် လုံခြုံရေးသတင်းရပ်ကွက်က ပြောကြားသည်။

ရက်ဝမ်ဂါန်ဒေါနှင့် ၎င်း၏ဇနီး ဖက်တင်အလီအာမက်တို့ ဇနီးမောင်နှံနှစ်ဦးကို ဆေးကုသရန် ဆေးရုံသို့တင်ပို့လိုက်ရသည်ဟု သတင်းရပ်ကွက်က ပြောကြားသည်။

အစ္စရေးနှင့် ပါလက်စတိုင်း ပြောက်ကျားများ ၃၄ ရက်ကြာ လက်ဘနွန်နိုင်ငံတွင် စစ်မက်တိုက်ခိုက်ခဲ့စဉ်အတွင်း အစ္စရေးတပ်ဖွဲ့က လက်ဘနွန်တွင် ဗုံးတွဲ ၁၈၀၀ ခန့် ချထားခဲ့သည်ဟု အစ္စရေးသတင်းစာတစ်စောင်က အစ္စရေးကြည်းတပ်မှ အရာရှိတစ်ဦးကို ကိုးကား၍ရေးသားသည်။

အစ္စရေးကြည်းတပ်က ပစ်ခတ်သည့် အမြောက်ကျည်များ၊ ဗုံးများနှင့် ဗုံးတွဲများသည် လက်ဘနွန်တောင်ပိုင်းဒေသရှိ လယ်ကွင်းများ၊ အိုးအိမ်များနှင့် လမ်းမများပါမကျန် ပေါက်ကွဲမှုမရှိသေးဘဲ ပြန့်ကျဲလျက်ရှိနေသည်။

အဆိုပါ မပေါက်ကွဲသေးသည့်ဗုံးတွဲများသည့် မြေကြီးပေါ်တွင် အန္တရာယ်ရှိသည့် အနေအထားဖြင့် ဆက်လက်တည်ရှိနေသည်။

အဆိုပါ ဗုံးတွဲများကြောင့် လူ ၁၃ ဦးထက်မနည်း သေဆုံးခဲ့ပြီး လူပေါင်း ဒါဇင်ချီ၍ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ယင်းဗုံးတွဲများ ပေါက်ကွဲပါက လူအများအပြား သေစေနိုင်သဖြင့် ကုလသမဂ္ဂက ယင်းဗုံးများ အသုံးမပြုရန် ပိတ်ပင်ထားခဲ့သည်။

***အမ်အင်အေ၊ဆင်ဟွာ။***



ဂါဇာကမ်းမြောင်ဒေသတွင် အစ္စရေးက လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော နေအိမ်အပျက်အစီးများနှင့်အတူ ပါလက်စတိုင်းမိသားစုကို စက်တင်ဘာ ၁၉ ရက်က တွေ့ရစဉ်။

*(ဓာတ်ပုံ-အင်တာနက်)*




# ဘဂ္ဂဒက်တွင် မော်တာဗုံးသီး ကျရောက်ပေါက်ကွဲ

**ဘဂ္ဂဒက် စက်တင်ဘာ ၂၀**

စက်တင်ဘာ ၁၉ ရက်က မော်တာဗုံးသီးတစ်လုံးသည် အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တောင်ဘက် လူနေရပ်ကွက်ရှိ အိမ်တစ်လုံးအတွင်း ကျရောက်ပေါက်ကွဲရာ လူ ၁၀ဦး သေဆုံးပြီး ၂၀ ဒဏ်ရာရရှိသွားကြောင်း ပြည်ထဲရေးဌာန သတင်းရပ်ကွက်က ဖော်ပြသည်။

သို့ရာတွင် ရဲတပ်ဖွဲ့မှ လာသောသတင်းကမူ နှစ်ဦးသေဆုံးပြီး ၁၉ဦး ဒဏ်ရာရရှိကြောင်းသာ ပြောကြားသည်။ သို့သော် အသေအပျောက်စာရင်းမှာမူ အပြောင်းအလဲ ရှိနိုင်သေးသည်ဟုဆိုသည်။

ယင်းဗုံးသီး ကျရောက်ပေါက်ကွဲသော ရပ်ကွက်မှာ ဒူရာရပ်ကွက်ဖြစ်သည်။ အမေရိကန် ဦးဆောင်သော တပ်ဖွဲ့များက လုံခြုံရေးအတွက် စီးနင်းရှာဖွေမှုများ ပြုလုပ်နေသော ရပ်ကွက်လည်းဖြစ်သည်။

ရာမာဒမ်ဥပုသ်လ မတိုင်မီအတွင်း အီရတ်တွင် တိုက်ခိုက်မှုများ ယခုထက်တိုး၍ ဖြစ်ပေါ်လာနိုင်သော အလားအလာရှိသည်ဟု အမေရိကန် တပ်မှူးများက ယူဆနေကြသည်။

***အမ်အင်အေ၊ရိုက်တာ။***

# ကာဇက်စတန်တွင် သွေးသွင်းကုသသည့် ဌာန၏ပေါ့ဆမှုကြောင့် ကလေးငယ် လေးဦးသေဆုံး၊ ၅၀ ကျော် အိပ်ချ်အိုင်ဗွီပိုး ကူးစက်ခံရ

အက်စ်တာနာ စက်တင်ဘာ ၂၀

**ကာဇက်စတန်နိုင်ငံမှ သွေးသွင်းကုသသည့်ဌာနတစ်ခုတွင် ပေါ့ဆမှုကြောင့် ကလေးငယ်လေးဦး သေဆုံးခဲ့ပြီး ကလေး ၅၅ ဦးထက်မနည်းနှင့် လူကြီးတစ်ဦးတို့ အိပ်ချ်အိုင်ဗွီဗိုင်းရပ်စ်ပိုး ကူးစက်ခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက တနင်္လာနေ့တွင် ပြောကြားသည်။**

ကလေးများနှင့် မိခင်တစ်ဦးတို့သည် ကာဇက်စတန်နိုင်ငံ တောင်ပိုင်းရှိ ဆေးရုံတစ်ခုတွင် လွန်ခဲ့သည့်လအနည်းငယ်ခန့်က ယင်းရောဂါကူးစက်မှုခံခဲ့ရခြင်းဖြစ်သည်။ ယင်းရောဂါဖြစ်ပွားစေသည့် သွေးလှူဒါန်းသူဟု သင်္ကာမကင်းဖြစ်သူများကို တာဝန်ရှိပုဂ္ဂိုလ်များက ရှာဖွေနေလျက်ရှိသည်။

ယင်းသို့ ဖြစ်ရသည့်အကြောင်းမှာ သွေးသွင်းကုသရာတွင် ပေါ့ဆမှုနှင့် ဆေးဘက်ဆိုင်ရာ စံချိန်စံညွှန်းများနှင့် လျော်ညီစေရန် ပြုလုပ်နိုင်ခြင်းမရှိခဲ့ခြင်းကြောင့်ဖြစ်သည်ဟု မိမိတို့လုပ်ငန်းဆောင်ရွက်ရေး ကော်မရှင်များနှင့် ကျွမ်းကျင်ပညာရှင်များက အတည်ပြုပြောကြားနိုင်ကြောင်း ဖော်ပြပါ ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ မောရစ်ဘက်ဗ်ဒူလင်က ပြောကြားသည်။

တာဝန်ရှိသူများက ရှင်ကန့်မြို့တစ်ပိုက်တွင် ကလေးများကို အိပ်ချ်အိုင်ဗွီ ရှိ၊ မရှိ စစ်ဆေးရာတွင် နှစ်လသားအရွယ်နှင့် အသက် ၁၀ နှစ်အတွင်း ကလေးများတွင် အိပ်ချ်အိုင်ဗွီရောဂါပိုး ကူးစက်နှုန်း မြင့်မားလျက်ရှိသည်ဟု သိရသည်။

***အမ်အင်အေ၊ရိုက်တာ။***



**ကမ္ဘာမြေပြင်သို့ ပြန်လည်ဆင်းသက် လာနေပြီဖြစ်သော အတ္တလန္တစ် အာကာသလွန်းပြန်ယာဉ်ကို စက်တင်ဘာ ၁၉ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# ထိုင်းဘုရင်က အာဏာသိမ်းအဖွဲ့ခေါင်းဆောင်အား အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုကောင်စီဥက္ကဋ္ဌအဖြစ် ခန့်အပ်

**ဗန်ကောက် စက်တင်ဘာ ၂၁**

ထိုင်းနိုင်ငံတွင် အာဏာသိမ်းပိုက်ခဲ့သော ဗိုလ်ချုပ်ကြီး ဆွန်သီဗွန်ရာရတ်လင်ကို အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုကောင်စီ(အေအာရ်စီ)၏ ဥက္ကဋ္ဌအဖြစ်ခန့်အပ်လိုက်ကြောင်း အမိန့်ကို ထိုင်းဘုရင်က ထုတ်ပြန်ခဲ့သည်ဟု အာဏာသိမ်းစစ်ဘက်အဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူက စက်တင်ဘာ ၂၀ ရက်ကကြေညာခဲ့သည်။ ဖော်ပြပါကြေညာချက်ကို ထိုင်းနိုင်ငံမှ နေ့ရှင်းသတင်းစာဝဘ်ဆိုက်၌လည်း တင်ထားသည်။ လောလောဆယ်တွင် အေအာရ်စီအဖွဲ့သည် ထုတ်ပြန်ချက်အမှတ် (၁၃) ကို ထုတ်ပြန်ကာ ရွေးချယ်တင်မြှောက်ပွဲကော်မရှင်အသစ်ကို အတည်ပြုကြောင်း ကြေညာထားသည်။ ထိုရွေးချယ်တင်မြှောက်ပွဲ ကော်မရှင်ကို ဆီးနိတ်အဖွဲ့က ရွေးချယ်ပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါ ထုတ်ပြန်ကြေညာချက်တွင် ရွေးချယ်တင်မြှောက်ပွဲ ကော်မရှင် ဥပဒေသည် ဆက်လက်အတည်ဖြစ်ကြောင်း ဖော်ပြထားသည်။ သို့ဖြစ်၍ ယင်းကော်မရှင်သည် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့နှင့် ကောင်စီများ ရွေးချယ်ရေးကိစ္စများကို ဆက်လက်ဆောင်ရွက်နိုင်ခွင့်ရှိမည်ဖြစ်ကြောင်း သိရသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## လက်ရှိလူနေမှု အဆင့်အတန်း ဂျာမန်လူမျိုးများ ကျေနပ်မှုမရှိ

**ဘာလင် စက်တင်ဘာ ၂၀**

ဥရောပတိုက်သားများအနက် ဂျာမန်လူမျိုးများသည် ၎င်းတို့၏ လက်ရှိလူနေမှု အဆင့်အတန်းကို အကောင်းမမြင်မှု အများဆုံးရှိသူများဖြစ်ကြောင်း ဂျာမနီစာရင်းရုံးက မကြာသေးမီက ထုတ်ပြန်သော အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားသည်။

ဂျာမန်လူမျိုးများ၏ ၂၉ ရာခိုင်နှုန်းသာလျှင် ၎င်းတို့၏ ဝင်ငွေဖြင့် စိတ်လက်ချမ်းသာစွာ နေနိုင်သည်ဟု ယူဆကြောင်း ယင်းအစီရင်ခံစာတွင် ဖော်ပြထားသည်။ စိတ်လက်ချမ်းသာစွာ နေနိုင်သူ ဦးရေမှာ ဒိန်းမတ်နိုင်ငံတွင် ၆၄ ရာခိုင်နှုန်း၊ ဆွီဒင်နိုင်ငံတွင် ၅၄ ရာခိုင်နှုန်းနှင့် အိုင်ယာလန်နိုင်ငံတွင် ၅၀ ရာခိုင်နှုန်းရှိသည်။

မကြာသေးမီနှစ်များတွင် ဂျာမနီနိုင်ငံ၏ စီးပွားရေးတိုးတက်မှု ရပ်တန့်နေခြင်းနှင့် အလုပ်လက်မဲ့နှုန်း ၁၀ ရာခိုင်နှုန်းကျော်ရှိနေခြင်းသည် ဂျာမန်လူမျိုးများ၏ မကျေနပ်မှုကို သိသိသာသာ မြင့်မားစေခဲ့ကြောင်း ဆန်းစစ်သူများက ပြောကြားသည်။

***အမ်အင်အေ၊ ဆင်ဟွာ။***




**ခါးအောက်ပိုင်း မသန်စွမ်းသူတစ်ဦးက အမေရိကန်နိုင်ငံ ချီကာဂိုမြစ်ကို ဖြတ်သန်းလျက် ကောင်းကင်စက်ဘီး စီးပြနေသည်ကို စက်တင်ဘာ ၂၀ ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

## စိုက်ပျိုးရေးလုပ်ငန်းတွင် နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံရေး ဗီယက်နမ်ဆွဲဆောင်မည်

ဟနွိုင် စက်တင်ဘာ ၁၉

**ဗီယက်နမ်နိုင်ငံတွင် ၂၀၀၆ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အကြားတွင် လယ်ယာထွက်ကုန်ပစ္စည်း ပြုပြင်ထုတ်လုပ်မှုလုပ်ငန်း၊ နည်းပညာဆိုင်ရာ အခြေခံလုပ်ငန်းနှင့် ဇီဝနည်းပညာကဏ္ဍတို့၌ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ပိုမိုရရှိရန် ဆွဲဆောင်သွားမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုသတင်းစာက စက်တင်ဘာ ၁၈ ရက်တွင် ရေးသားဖော်ပြသည်။**

ငါးနှစ်စီမံကိန်းကာလအတွင်း နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်ရေးကို လုပ်ဆောင်သွားရန် စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနက သတ်မှတ်ထားသည်။ ဗီယက်နမ်နိုင်ငံ စိုက်ပျိုးရေးတွင် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်သွားရန် ကြိုးစားသွားမည်ဖြစ်ကြောင်း၊ အထူးသဖြင့် နှံစားသီးနှံနှင့် သားငါးကဏ္ဍတို့တွင် ဇီဝနည်းပညာအသုံးချပြီး အရည်အသွေးမြင့် သားငါးသီးနှံများ ထွက်ရှိရန် နည်းပညာဆိုင်ရာ ပြောင်းလဲထုတ်လုပ်ထားသော စားသောက်ကုန်များ၊ ရိတ်သိမ်းချိန်လွန် နည်းပညာအသုံးချ၍ သီးနှံများဖြင့် ကြာရှည်ထိန်းသိမ်းထားခြင်း၊ စိုက်ပျိုးရေးဆိုင်ရာ အထောက်အကူများ ပံ့ပိုးခြင်း၊ စိုက်ပျိုးရေး၊ သစ်တော၊ ပင်လယ်ထွက်ကုန်ပစ္စည်းများ ပြုပြင်ထုတ်လုပ်ခြင်းစသည့်လုပ်ငန်းများတွင် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာစေရန် ဖြစ်သည်။

စက်တင်ဘာအစောပိုင်းကဗီယက်နမ်နိုင်ငံ စိုက်ပျိုးရေး၊ သစ်တောနှင့် ပင်လယ်စားသောက်ကုန်စသည့်လုပ်ငန်းတို့တွင် မှတ်ပုံတင်ထားသော နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံသော လုပ်ငန်းပေါင်း ၁၀၆၉ ရှိကြောင်း စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန၏ စာရင်းအင်းတွင် ဖော်ပြထားသည်။ နိုင်ငံခြားမှ တိုက်ရိုက်လာရောက် ရင်းနှီးမြှုပ်နှံသောနိုင်ငံများတွင် ထိုင်း၊ တရုတ်၊ နယ်သာလန်၊ စင်ကာပူ၊ ပြင်သစ်၊ မလေးရှား၊ ဂျပန်၊ တောင်ကိုရီးယားနိုင်ငံတို့ အဓိက ပါဝင်သည်။ ယင်းနိုင်ငံများမှ လုပ်ငန်းပေါင်း ၈၀၅ ခုတွင် ရင်းနှီးမြှုပ်နှံငွေ စုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၉ ဘီလီယံ ပြုလုပ်သွားရန်ရှိသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

## အိန္ဒိယ အရှေ့တောင်ပိုင်းဒေသတွင် မိုးသည်းထန်စွာရွာသွန်း၊ ငါးဦးသေဆုံး

**နယူးဒေလီ စက်တင်ဘာ ၂၀**

အိန္ဒိယနိုင်ငံ အရှေ့တောင်ပိုင်းရှိ အင်ဒရာပရာဒေ့ရှ်ပြည်နယ်၌ တနင်္လာနေ့နှောင်းပိုင်းမှစ၍ မိုးသည်းထန်စွာ ရွာသွန်းခဲ့ရာ လူငါးဦးထက် မနည်း သေဆုံးပြီး ဒါဇင်ချီရှိသည့် ကျေးရွာများ ရေမြုပ်နေကြောင်း အိန္ဒိယ-အရှေ့ပိုင်း သတင်းဌာနက အင်္ဂါနေ့တွင် ဖော်ပြသည်။

**သီးနှံပျက်စီး**

ယင်းပြည်နယ်ရှိ စုစုပေါင်း ၂၃ ခရိုင်တွင် တနင်္လာနေ့ နောက်ပိုင်းမှစတင်၍ မိုးရွာသွန်းခဲ့ခြင်းဖြစ်သည်ဟု ဒေသန္တရအစိုးရက ပြောကြားသည်။

မိုးသည်းထန်စွာ ရွာသွန်းသဖြင့် သီးနှံစိုက်ခင်း ဟက်တာရာချီ၍ ပျက်စီးခဲ့ပြီး လျှပ်စစ်ဓာတ်အားပေးမှု ပြတ်တောက်ခဲ့ကာ မြို့အများစုတွင် ပို့ဆောင်ဆက်သွယ်ရေး အခက်အခဲ ဖြစ်ခဲ့သည်။

**ရပ်ဆိုင်းထားရ**

ယင်းပြည်နယ်ရှိ လေးခရိုင်တွင် နိုင်ငံပိုင် သယ်ယူပို့ဆောင်ရေးဌာနက ခရီးစဉ် ၅၀ ခန့် မပြေးဆွဲဘဲ ရပ်ဆိုင်းထားရသည်။

ယင်းပြည်နယ်၏ အထင်ကရ မြစ်ကြီးများဖြစ်သည့် ကရစ်ရှနာနှင့် ဂိုဒါဗာရီတို့၏ မြစ်ရေပမာဏသည် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် သိသိသာသာ မြင့်တက်လာခဲ့သည်။

***အမ်အင်အေ၊ ဆင်ဟွာ။***

## ပါကစ္စတန်တောင်ပိုင်း၌ မိုးရွာသွန်းမှုများပြား ၁၁၂ ဦး သေဆုံးပြီး သီးနှံများပျက်စီး

**ကရာချိ စက်တင်ဘာ ၂၀**

ပါကစ္စတန်နိုင်ငံ တောင်ပိုင်းဒေသတွင် ရာသီအလိုက် မိုးရွာသွန်းမှုများ ဖြစ်ပွားနေမှုကြောင့် လူ ၁၀၀ ကျော် သေဆုံးလျက်ရှိပြီး ဟိုက်ဒရာဘတ်မြို့တွင် ရေကြောင့်ဖြစ်ပွားသည့် ကူးစက်ရောဂါများ ဖြစ်ပွားမည်ကို စိုးရိမ်မကင်းဖြစ်နေကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက အင်္ဂါနေ့တွင် ပြောကြားသည်။

**ထိခိုက်ပျက်စီး**

တောင်ပိုင်းဒေသရှိ ဆင်းပြည်နယ်တွင် မိုးရွာသွန်းမှု အခြေအနေသည် ပျမ်းမျှထက်ကျော်ရုံသာရှိပြီး ယင်းသို့ ရွာသွန်းမှုကြောင့် သီးနှံများ ထိခိုက်ပျက်စီးခဲ့သည်။

**ပြောကြား**

မိုးအများအပြား ရွာသွန်းခဲ့သည့် ဒေသများတွင် ရေနစ်မှု၊ အိုးအိမ်များ ပြိုကျမှုနှင့် ရောဂါများ ဖြစ်ပွားမှုတို့ကြောင့် လူ ၁၁၂ ဦး သေဆုံးခဲ့သည်ဟု ပြည်နယ်ဆိုင်ရာ ကယ်ဆယ်ရေးမင်းကြီး ဟိုင်ဒါက ပြောကြားသည်။

မိုးရွာသွန်းမှုကြောင့် ပျက်စီးဆုံးရှုံးမှုဖြစ်သည့် နေရာသည် ကရာချိမြို့မှ ကီလိုမီတာ ၁၆၀ အကွာရှိ ဟိုက်ဒရာဘတ်မြို့ဖြစ်ကြောင်း၊ ရောဂါဘယဖြစ်ပွားမှု မရှိစေရန်အတွက် ကာကွယ်သည့်အနေဖြင့် ထိုးဆေးများနှင့် ရေသန့်ဆေးများ ဖြန့်ဝေပေးနေကြောင်း ပြည်နယ်ကျန်းမာရေးဝန်ကြီး ရှက်ဘာက ပြောကြားသည်။

ဟိုက်ဒရာဘတ်မြို့တွင် စက်တင်ဘာ ၈ ရက်နှင့် ၉ ရက်များတွင် မိုးရေချိန် မီလီမီတာ ၂၃၀ ခန့်အထိ ရွာသွန်းခဲ့သည်။ ဒေသအများစုလည်း ရေလွှမ်းခံနေရသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***



**ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်နှင့် အီရန်သမ္မတ မာမွတ်အာမက်နီဂျက်တို့ကို စက်တင်ဘာ ၁၈ ရက်က ပြုလုပ်သော ရေနံဖက်စပ်ထုတ်လုပ်သည့်လုပ်ငန်း ဖွင့်ပွဲတွင်တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

**အောက်တိုဘာ ၁ ရက်တွင် ကျင်းပမည့် တရုတ်နိုင်ငံ အမျိုးသားနေ့အတွက် ပေကျင်းမြို့ တိန်အန်မင်ရင်ပြင်၌ ပြင်ဆင်မှုများ ပြုလုပ်ထားသည်ကို စက်တင်ဘာ ၂၀ ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*



## အီရန်နှင့် ဗင်နီဇွဲလား ရေနံဖက်စပ်ထုတ်လုပ်သည့် လုပ်ငန်းစတင်ဆောင်ရွက်

**ကာရာကတ်စ် စက်တင်ဘာ ၂၀**

ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်နှင့် အီရန်သမ္မတ မာမွတ်အာမက်နီဂျက်တို့သည် နှစ်နိုင်ငံ ပူးပေါင်းထုတ်လုပ်မည့် ရေနံဖက်စပ်ထုတ်လုပ်ရေး လုပ်ငန်းတစ်ရပ်ကို တနင်္လာနေ့က ဖွင့်လှစ်လိုက်သည်။

ဗင်နီဇွဲလားနိုင်ငံ အရှေ့မြောက်ပိုင်းရှိ အန်ဇိုအာတီဂွီပြည်နယ်ရှိ စမ်တုမ်မြို့အနီး ကူရီကာပိုရေနံတွင်းနှင့် အရာကူချိုဒေသမှ အမှတ်(၇) ရေနံလုပ်ကွက်တို့တွင် ရေနံရှာဖွေမည်ဖြစ်ပြီး ရေနံဖက်စပ်ထုတ်လုပ်ရေးလုပ်ငန်းများ စတင်လုပ်ဆောင်နေပြီဖြစ်သည်။

**ခန့်မှန်း**

နှစ်နိုင်ငံ ရေနံဖက်စပ်ထုတ်လုပ်မှုအရ ကုမ္ပဏီများက ရေနံလုပ်ကွက်တွင် ရေနံမည်ရွေ့မည်မျှ ထုတ်လုပ်နိုင်မည်ဟု တရားဝင်ဖော်ပြပေးခွင့်ပြုမည်ဖြစ်သည်။ ယင်းစမ်းသပ်သည့်နေရာမှ ရေနံစိမ်းပီပါ ၃၃ ဒသမ ၂ ဘီလီယံအထိ ထုတ်လုပ်နိုင်မည်ဟု ခန့်မှန်းထားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

## နိုင်ငံတကာသတင်းများ

## နှစ်ပတ်အတွင်း ဝန်ကြီးချုပ်အသစ်ခန့်မည် ဗိုလ်ချုပ်ကြီးဆွန်သီ ပြောကြား

**ဗန်ကောက် စက်တင်ဘာ ၂၁**

ထိုင်းနိုင်ငံ၌ အာဏာသိမ်းယူထားသည့် စစ်ဘက်အဖွဲ့က သီတင်းနှစ်ပတ်အတွင်း ဝန်ကြီးချုပ် အသစ်အဖြစ် တာဝန်ယူမည့်သူကို ရွေးချယ်ပေးမည်ဖြစ်ကြောင်း အဖွဲ့ခေါင်းဆောင် ကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဆွန်သီဗွန်ရာရတ်လင်က ဗုဒ္ဓဟူးနေ့တွင် ထုတ်ဖော်ပြောကြားသည်။

ထို့အပြင် ရွေးကောက်ပွဲအသစ်တစ်ရပ်ကို ကျင်းပပေးနိုင်ရန်နှင့် အခြေခံဥပဒေသစ် ပြဋ္ဌာန်းနိုင်ရန်မှာလည်း အချိန်တစ်နှစ်မျှယူရန် လိုအပ်မည်ဖြစ်ကြောင်း ဗိုလ်ချုပ်ကြီး ဆွန်သီကပင် အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုကောင်စီ၏ သတင်းစာရှင်းလင်းပွဲတွင် ရှင်းလင်းပြောကြားခဲ့သည်။

***အမ်အင်အေ၊ ရိုက်တာ***





ပို့ဆောင်ရေး ဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ အမှာစကား ပြောကြားစဉ်။ (ပို့ဆောင်ရေး)

# ပို့ဆောင်ရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် စက်တင်ဘာ ၂၁

**ပို့ဆောင်ရေးဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၉ရက် နံနက် ၈နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန၌ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်၊ ပို့ဆောင်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးနှင့် ဒေသဆိုင်ရာလုပ်ငန်းတာဝန်ခံများ တက်ရောက်ကြသည်။**

ရှေးဦးစွာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာနရှိ ဌာနအလိုက် ဒေသဆိုင်ရာ လုပ်ငန်းတာဝန်ရှိသူများက မိမိတို့ဒေသလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးတို့က ဌာနအလိုက် ဝင်ငွေရရှိမှု၊ စက်သုံးဆီ သုံးစွဲမှုအခြေအနေ၊ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားမှုအခြေအနေ၊ ကုန်စည်ပို့ဆောင်မှုအခြေအနေ၊ ခရီးသည်ပို့ဆောင်မှု အခြေအနေ၊ ဝန်ထမ်းအင်အား ဖွဲ့စည်းမှုအခြေအနေ၊ လျှပ်စစ်ဓာတ်အားသုံးစွဲမှု အခြေအနေ၊ ရှေ့လုပ်ငန်းစဉ်များ ဆောင်ရွက်မည့် အခြေအနေ၊ ကြက်ဆူပင်စိုက်ပျိုးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်း စွမ်းအားပြည့်လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ကြီးကြပ်မှုကော်မတီအဖွဲ့ခေါင်းဆောင် ဦးအောင်မင်း၏ ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဌာနဆိုင်ရာအကြီးအကဲများက လုပ်ငန်းဆိုင်ရာများကို သုံးသပ်တင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်က ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဖြည့်စွက်မှာကြားသည်။

ဆက်လက်၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက စက်သုံးဆီ အလေအလွင့်မရှိအောင် သုံးစွဲကြရေး၊ ဌာနအလိုက် ဝင်ငွေနှင့် အသုံးစရိတ်ချွေတာရေး၊ ပို့ဆောင်ခြင်းဖြင့် စီးပွားရေးကို မြှင့်တင်ရမည် ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်၏အကျိုးစီးပွားရေး ပြည့်မီအောင် ဆောင်ရွက်ကြရေး၊ မိမိတို့ဌာနသည် ဝန်ဆောင်မှုကို အဓိကထား၍ ဆောင်ရွက်ရသော ဝန်ကြီးဌာနဖြစ်သောကြောင့် ကုန်စည်သယ်ယူပို့ဆောင်ရေးကို အဓိကထားဆောင်ရွက်ရေး၊ ခရီးသည် ပို့ဆောင်ရေးတွင်လည်း ခရီးသည်များ လုံခြုံရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေး၊ ခရီးသည်များ စိတ်ချမ်းမြေ့စွာ သွားလာနိုင်ရေး၊ ဝင်ငွေတိုး၍ အသုံးစရိတ်များ ချွေတာသုံးစွဲရေး မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ကာကွယ်ရေး ဝန်ကြီးဌာန စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၁**

ကာကွယ်ရေးဝန်ကြီးဌာနရှိ ရုံး၊ ဌာနအသီးသီး၏ စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ကျန်စစ်သားရိပ်သာ၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံး စခန်းမှူး ဗိုလ်ချုပ်လှအောင်သိန်းနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါပြိုင်ပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာနရှိ ရုံး၊ ဌာနအသီးသီးမှ အရာရှိ ၄၆ဦး၊ အရာခံ ၄၉ဦး၊ အကြပ် ၆၃ဦးနှင့် စစ်သည်၄၀ စုစုပေါင်း ၁၉၈ဦး ဝင်ရောက်ဖြေဆို ယှဉ်ပြိုင်ကြသည်။

(သတင်းစဉ်)

# မြန်မာနိုင်ငံပြန်တမ်း

**နေပြည်တော် စက်တင်ဘာ ၂၁**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲ ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| (က) | ဒေါက်တာအေးမြင့်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>မြန်မာ့သိပ္ပံနှင့်နည်းပညာ<br>သုတေသနဦးစီးဌာန<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာ့သိပ္ပံနှင့်နည်းပညာ<br>သုတေသနဦးစီးဌာန<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |
| (ခ) | ဦးအောင်ကိုးရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ရေအားလျှပ်စစ်အကောင်<br>အထည်ဖော်ရေးဦးစီးဌာန<br>အမှတ်(၁)လျှပ်စစ်စွမ်းအား<br>ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ရေအားလျှပ်စစ်အကောင်<br>အထည်ဖော်ရေးဦးစီးဌာန<br>အမှတ်(၁)လျှပ်စစ်စွမ်းအား<br>ဝန်ကြီးဌာန |
| (ဂ) | ဒေါက်တာသန်းမြင့်<br>ပါမောက္ခချုပ်<br>ဆေးတက္ကသိုလ်(မကွေး)<br>ဆေးသိပ္ပံပညာဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ဆေးသိပ္ပံပညာဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |
| (ဃ) | ဒေါက်တာမောင်မောင်ဝင်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဆေးသိပ္ပံပညာဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ဆေးတက္ကသိုလ်(မကွေး)<br>ဆေးသိပ္ပံပညာဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |
| (င) | ဦးဇော်ဌေး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>(အောက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>(အောက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန |
| (စ) | ဦးတင်မြင့်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ရှေ့နေချုပ်ရုံး | ညွှန်ကြားရေးမှူးချုပ်<br>ရှေ့နေချုပ်ရုံး |

**ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံး စခန်းမှူး ဗိုလ်ချုပ်လှအောင်သိန်း ကာကွယ်ရေးဝန်ကြီးဌာနရှိ ရုံး၊ ဌာနအသီးသီး၏ စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကို ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)



# ရန်ကုန်-မန္တလေး အစုန်၊အဆန် လူစီးအမြန်ရထားများ၏ အချိန်စာရင်းသစ်

ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် အစုန်၊ အဆန် လူစီးအမြန်ရထားများ၏ ရထားထွက်ချိန်၊ ရထားဆိုက်ရောက်ချိန်များကို ၂၀၀၆ခုနှစ် စက်တင်ဘာလ ၂၆ ရက် (အင်္ဂါနေ့)မှ အစပြု၍ အချိန်စာရင်းသစ်ဖြင့် ပြေးဆွဲမည်ဖြစ်ကြောင်း မြန်မာ့မီးရထား၏ ကြေညာချက်အရ သိရှိရပါသည်။ ပြေးဆွဲမည့်ရထားအချိန်စာရင်းသစ်ကို အောက်ပါအတိုင်း ကြေညာထားကြောင်း တွေ့ရှိပါသည်-

**အဆန်ရထားများ-**

| စဉ် | ရထားအမှတ် | ရန်ကုန်မှ ထွက်ခွာချိန် | နေပြည်တော်သို့ ဆိုက်ရောက်ချိန် | မန္တလေးသို့ ဆိုက်ရောက်ချိန် |
|---|---|---|---|---|
| ၁ | ၂၉ အဆန် | ၀၄း၀၀ | ၁၂း၀၇ | ၁၈း၀၀ |
| ၂ | ၁၇ အဆန် | ၀၄း၃၀ | ၁၃း၀၈ | ၁၉း၃၀ |
| ၃ | ၅ အဆန် | ၀၅း၀၀ | ၁၃း၄၅ | ၂၀း၁၀ |
| ၄ | ၃ အဆန် | ၀၅း၃၀ | ၁၄း၃၃ | ၂၁း၃၀ |
| ၅ | ၁၁ အဆန် | ၀၆း၀၀ | ၁၅း၁၀ | ၂၂း၀၀ |
| ၆ | ၃၁ အဆန် | ၀၉း၀၀ | ၁၇း၄၅ | - |
| ၇ | ၇ အဆန် | ၀၉း၃၀ | ၁၈း၁၅ | - |

**အစုန်ရထားများ-**

| စဉ် | ရထားအမှတ် | မန္တလေးမှ ထွက်ခွာချိန် | နေပြည်တော်မှထွက်ခွာချိန်/ နေပြည်တော်သို့ဆိုက်ရောက်ချိန် | ရန်ကုန်သို့ ဆိုက်ရောက်ချိန် |
|---|---|---|---|---|
| ၁ | ၈ အစုန် | - | ၀၆း၃၀ | ၁၅း၃၀ |
| ၂ | ၃၂ အစုန် | - | ၀၈း၄၅ | ၁၇း၄၅ |
| ၃ | ၃၀ အစုန် | ၀၄း၀၀ | ၀၉း၃၃ | ၁၈း၀၀ |
| ၄ | ၁၈ အစုန် | ၀၄း၃၀ | ၁၀း၂၄ | ၁၉း၃၀ |
| ၅ | ၆ အစုန် | ၀၅း၀၀ | ၁၀း၅၈ | ၂၀း၁၀ |
| ၆ | ၄ အစုန် | ၀၅း၃၀ | ၁၁း၄၉ | ၂၁း၃၀ |
| ၇ | ၁၂ အစုန် | ၀၆း၀၀ | ၁၂း၂၀ | ၂၂း၀၀ |

# ဒဂုံတက္ကသိုလ် သချာကျောင်းသားဟောင်းများ ပုဂံဘုရားဗုဒ္ဓပူဇနီယပွဲ အလှူငွေပေးအပ်မည်

ရန်ကုန် စက်တင်ဘာ ၂၁

ဒဂုံတက္ကသိုလ် သင်္ချာကျောင်းသားဟောင်းများက ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ စုပေါင်းပြုပြင်တည်ထားခဲ့ပြီး ရွှေထီးတော်တင်လှူခဲ့သည့် ဘုရားအမှတ် (၉၈၀-ဃ)ပညာသိပ္ပမဓမ္မရုံသီစေတီတော် ပထမအကြိမ် ဗုဒ္ဓပူဇနီယပွဲ ကျင်းပရေး အလှူငွေပေးအပ်ပွဲနှင့် သင်္ချာကျောင်းသားဟောင်းများ တွေ့ဆုံပွဲအခမ်းအနားကို ရန်ကုန်မြို့ ရန်ကင်းစားတော်ဆက်မင်္ဂလာခန်းမ၌ အောက်တိုဘာ ၈ရက် နံနက် ၇နာရီခွဲတွင် ကျင်းပမည်ဖြစ်သည်။

ပုဂံဘုရားအတွက် အလှူငွေလှူဒါန်းလိုသူများနှင့် တွေ့ဆုံပွဲလက်မှတ်ဝယ်လိုသူများသည် ကိုဘုန်းနိုင် ဖုန်း-၀၉၅၁၂၁၉၃၁၊ ဆရာဦးမျိုးတင့် ဖုန်း-၀၉၅၀၀၅၆၅၇၊ ကိုလှိုင်မြတ်စိုး (ဆုလာဘ်ပွင့်ဓာတ်ပုံတိုက်) ဖုန်း-၀၉၅၀၁၁၅၉၅၊ ကိုမင်းနိုင် ဖုန်း-၀၉၅၁၂၄၉၃၀၊ ကိုခင်မောင်မောင် ဖုန်း-၇၀၀၇၉၀၊ မနွဲ့နွဲ့ဝင်း(ခ)နွဲ့တာ ဖုန်း-၅၈၀၄၅၃၊ ၀၉၅၁၅၂၄၄၀၊ မစန္ဒာဝင်း ဖုန်း-၅၄၄၈၉၇၊ မထွန်းစန္ဒာထွန်း ဖုန်း-၆၄၃၈၇၁တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (က-ပ)

# ဆေးကိုယ်စားလှယ်များ တွေ့ဆုံပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၁**

(၅၃)ကြိမ်မြောက် ဆရာဝန်ညီလာခံ ဖြစ်မြောက်ရေးကော်မတီသည် ဆေးနှင့်ဆေးပစ္စည်း ကိုယ်စားလှယ်များအား စက်တင်ဘာ ၂၃ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း၌ တွေ့ဆုံဆွေးနွေးမည်ဖြစ်ပါ၍ ဆေးကိုယ်စားလှယ်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)





# သတ္တုတွင်းဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် တက်ရောက်၍ အမှာစကားပြောကြား

**သတ္တုတွင်းဝန်ကြီးဌာန၏၂၀၀၆ခုနှစ် လုပ်ငန်းဆောင်ရွက်မှု အခြေအနေ သုံးသပ်ခြင်းနှင့် လုပ်ငန်းလျာထား ချက်များ ပြည့်မီကျော်လွန်ရေးညှိနှိုင်း ဆွေးနွေးပွဲတွင် သတ္တုတွင်းဝန်ကြီး ဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် အမှာစကားပြောကြားစဉ်။**

(သတ္တုတွင်း)

နေပြည်တော် စက်တင်ဘာ ၂၁

**သတ္တုတွင်းဝန်ကြီးဌာန၏ ၂၀၀၆ ခုနှစ် လုပ်ငန်းဆောင်ရွက်မှု အခြေအနေသုံးသပ်ခြင်းနှင့် လုပ်ငန်းလျာထားချက်များ ပြည့်မီကျော်လွန်ရေး ညှိနှိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၁၉ရက်တွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန သီရိရတနာ ခန်းမ၌ကျင်းပရာ သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်တက်ရောက်၍ ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင်ငါးဘာသာဂုဏ်ထူးရရှိသူ ကျောင်းသား ကျောင်းသူငါးဦးတို့အား ဂုဏ်ပြုဆုများကို ချီးမြှင့်ပြီး သတ္တုတွင်းဝန်ကြီး ဌာန ပညာရေးဆပ်ကော်မတီဝင် ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများက ပညာရည်ချွန်ဆုရရှိသူ များနှင့် ပညာသင်ထောက်ပံ့ကြေးရရှိသူများအား ဂုဏ်ပြုဆုများနှင့် ချီးမြှင့်ငွေ စုစုပေါင်းငွေကျပ် ၃၁ ဒသမ၀၃သိန်းကို ပေးအပ်ကြသည်။**

ထို့နောက် သတ္တုတွင်း ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့်က အမှာ စကား ပြောကြားသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြား ရေးမှူးချုပ်များနှင့်အထွေထွေ မန်နေဂျာ များက ၂၀၀၆ခုနှစ်အတွင်း လုပ်ငန်း ဆောင်ရွက်မှု အခြေအနေများနှင့် လျာထားချက်များ ပြည့်မီကျော်လွန်စွာ ထုတ်လုပ်မည့် အစီအမံများကို အသေး စိတ်ရှင်းလင်းတင်ပြကြသည်။

သတ္တုတွင်း ဝန်ကြီးဌာန၏ လုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၂၀ရက်တွင် ဆက်လက်ကျင်းပရာ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင် ညွှန်ကြားရေးမှူးများ၊ ညွှန်ကြား ရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် များနှင့် အထွေထွေမန်နေဂျာများက မိမိ တို့နှင့် သက်ဆိုင်သည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးက ဝန်ထမ်းများ သည် ဌာနအလိုက် သတ်မှတ်လျာထား ချက်ကို ပြည့်မီကျော်လွန်အောင် နည်းလမ်းရှာကြံထုတ်လုပ်ရေး ကြိုးပမ်း ဆောင်ရွက်ရန်၊ လျှပ်စစ်နှင့် စက်သုံး ဆီများကို ထုတ်လုပ်မှုလုပ်ငန်းများ အတွက်သာ အဓိကသုံးစွဲရန်၊ စက်သုံး ဆီများအစားထိုး ဇီဝဒီဇယ်ဆီရရှိ သုံးစွဲ နိုင်ရန်အတွက် ကြက်ဆူပင် စိုက်ပျိုးရေး ကို စီမံချက်ချမှတ်ပြီး အောင်မြင်အောင် အလေးထား ဆောင်ရွက်ကြရန်နှင့် မိမိတို့ဌာနများရှိ ဝန်ထမ်းများ၏ အရည်အသွေး မြင့်မားတိုးတက်ရေးကို ဆောင်ရွက်သွားကြရန် နိဂုံးချုပ်အသေး စိတ်မှာကြားကြောင်း သတင်းရရှိ သည်။

(သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

### ၂၂-၉-၂၀၀၆ (သောကြာနေ့)

| | | | |
|---|---|---|---|
| ၇း၀၀ | MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ် | ၉း၃၀ | Midweek Sports News |
| ၇း၀၅ | MyanmarViedeo Rhythm | ၉း၄၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၇း၅၅ | တေးဂီတအစီအစဉ် | ၉း၅၀ | တေးဂီတအစီအစဉ် |
| ၈း၀၀ | အမျိုးသားပြတိုက် မြန်မာအက္ခရာနှင့် လက်ရေးမူပြခန်း | ၉း၅၅ | ငွေတောင်သူတို့ရိုးရာ ဂျပ်ခုတ်အထည်ရတနာ |
| ၈း၂၀ | နိုင်ငံတကာသတင်းအကျဉ်း | ၁၀း၀၅ | တေးဂီတအစီအစဉ် |
| ၈း၂၅ | သွားမယ်၊ စားမယ် (ဗိုလ်တီး Food Center) | ၁၀း၀၀ | ပမ္မဝတီတံတား(မြင်းကဆိပ်) |
| ၈း၄၅ | တေးဂီတအစီအစဉ် | ၁၀း၂၀ | မိုးလေဝသခန့်မှန်းချက် |
| ၈း၅၀ | လင်းလက်တောက်ပ သဘော်ဆေးအလှ | ၁၀း၂၅ | ငွေကြယ်ပွင့်တို့ရဲ့ ဖြစ်တည်မှု (L လွန်းဝါနှင့် သူ၏ အနုပညာခရီးလမ်း) |
| ၉း၀၅ | ပြည်တွင်းသတင်းအကျဉ်း | ၁၁း၁၅ | တေးဂီတအစီအစဉ် |
| ၉း၁၅ | သတိတစ်ချက် တစ်သက်အမှား (ကျော်မင်းနောင်၊ ကြည်လဲ့လဲ့ဦး၊ နန်းကလျာလှိုင်) | ၁၁း၂၀ | စိုက်ပျိုးဖို့လွယ်ကူစေမှာ ကောက်ရိုးမှိုပါ |
| ၉း၂၅ | တေးဂီတအစီအစဉ် | ၁၁း၃၀ | တေးဂီတအစီအစဉ် |
| | | ၁၁း၃၅ | ပြည်တွင်းသတင်းအကျဉ်း |
| | | ၁၁း၄၅ | စန္ဒရားညတစ်ည (အပိုင်း-၂) |
| | | ၁၂း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ ၅ နာရီစာ အစီအစဉ်များကို ည ၂၃း၀၀ နာရီအထိ (၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**



**ကမာရွတ်မြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း မိဘ ဆရာအသင်းနှစ်ပတ်လည်နှင့် ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ ၉ရက် က ရွှေညီလာခန်းမတွင်ပြုလုပ်ရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးဗိုလ်စောက စတုတ္ထတန်းတွင် ပထမဆုရ မောင်ရာဇာထွန်းအား ဂုဏ်ပြုဆု ပေးအပ်စဉ်။** (ပညာရေး)



## ရန်ကုန်စက်မှုတက္ကသိုလ် ကျောင်းသားဟောင်းများ၏ သားသမီးများအား ပညာရည်ချွန်ဆုများချီးမြှင့်

**ရန်ကုန် စက်တင်ဘာ ၂၁**

၁၉၈၂ခုနှစ်မှ ၁၉၈၇ခုနှစ်အထိ ရန်ကုန်စက်မှုတက္ကသိုလ်မှ အောင်မြင်ခဲ့ကြ သော ကျောင်းသားကျောင်းသူဟောင်းများ၏ သားသမီးများအား ပညာရည်ချွန်ဆု ပေးပွဲနှင့်ကျောင်းသားကျောင်းသူဟောင်းများ တွေ့ဆုံပွဲကို စက်တင်ဘာ ၁၇ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးဗဟိုဌာန (အိုင်ဘီစီ)၌ ကျင်းပသည်။

ဆုပေးပွဲနှင့် တွေ့ဆုံပွဲဖြစ်မြောက်ရေးအဖွဲ့ကိုယ်စား ကျောင်းသူဟောင်း ဒေါ်မြဝင်းက ရှင်းလင်းတင်ပြပြီး ကျောင်းသားဟောင်းများဖြစ်ကြသော ဦးကိုကြီးနှင့် ဦးကိုကိုတို့က အမှတ်တရစကားများ ပြောကြားကြသည်။

ထို့နောက် တက္ကသိုလ်ဝင်တန်း၌ ခြောက်ဘာသာဂုဏ်ထူးရှင် ၁၄ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၁၀ဦးအပါအဝင် အောင်မြင်ကြသူသားသမီး ၅၀တို့အား ပညာရည်ချွန်ဆုများကို တက်ရောက်လာသူများက ချီးမြှင့်ခဲ့ကြသည်။

**(အပေါ်ပုံ)** (ကြေးမုံ)

**ရှောင်လေဝေးဝေး မူးယစ်ဆေး**

## ညောင်ရိပ်သာတရားစခန်းနှင့် ကထိန်ပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၁**

သာကေတမြို့နယ်(၁၀)တောင်ရပ်ကွက်၊ ၁၀၈တောင်စွယ်တော်ရှင်ဘုရားကြီး အနီး ညောင်ရိပ်သာတရားစခန်းတွင် လယ်တီဆရာတော်ကြီး၏ ကာယာနုပဿနာ နှင့် ဓာတုမနသိကာရနည်းအရ ပဓာနနာယက(ငန်းချောင်း)အရှင်ကေသရာဘိဝံသ ဆရာတော်ကဝါတွင်းကာလ နောက်ဆုံးအဓိဋ္ဌာန် တရားစခန်းကို သီတင်းကျွတ် လဆန်း၁၀ရက်မှလပြည့်ကျော် ၁ ရက်အထိဟောကြားပြသမည်ဖြစ်သည်။ ဒုလ္လဘ ရဟန်း၊ သာမဏေ၊ သီလရှင်ဝတ်၍ တရားစခန်းဝင်လိုသူများအတွက် စီမံပေးမည် ဖြစ်ပြီး နှစ်စဉ်ကျင်းပမြဲ စုပေါင်းကထိန်အလှူတော်ကို တရားစခန်းသိမ်းအောင်ပွဲ နှင့်အတူ သီတင်းကျွတ်လပြည့်ကျော်၁ရက် ဦးစွာကထိန်ကျင်းပမည်ဖြစ်ရာပါဝင် လှူဒါန်းလိုသူများ ဖုန်း-၅၄၇၀၂၅သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။

(က-ပ)

## ခေမာသီရိကျောင်း ၁၀ရက်တရားစခန်း

**ရန်ကုန် စက်တင်ဘာ ၂၁**

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၀)ရပ်ကွက်၊ မောင်းမကန်သာလမ်း၊ ခေမာသီရိကျောင်းတိုက် မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာတရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ခွဲအမှတ်(၁၆၆)တွင် (၂၈)ကြိမ်မြောက် ၁၀ရက်တရားစခန်းကို စက်တင်ဘာ၂၇ရက်မှ အောက်တိုဘာ ၆ရက်အထိ ကျင်းပမည်ဖြစ်ရာ တရားစခန်း ဝင်လိုသူယောဂီများသည် စက်တင်ဘာ ၂၆ရက် ညနေအရောက် လာရောက်ကြ ရန် အသိပေးနှိုးဆော်ထားသည်။ (က-ပ)



**ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ဝေဇယန္တာလမ်း သီရိဂုဏ်အိမ်ရာနေ ဦးမင်းထွန်း-ဒေါ်ခင်စောဝေ၊ သား ကိုစိုးမင်းထွန်း၊ ကိုကျော် မင်းထွန်း၊ သမီး မဝင်းမင်းထွန်း မိသားစုက ငွေကျပ် ၁၀၀၀၀၀ ကို အတွင်းရေးမှူး (၃)ဦးစိုးမြတ်အောင်ထံ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

## သတိပေးနှိုးဆော်ချက်

၁။ သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင်ကာလများတွင် ဖြောက်အိုး၊ မီးရှူးနှင့်ဒုံးများ(ရှူးဒိုင်း)ပစ်ဖောက်ခြင်းဖြင့် ပြည်သူများအထိတ်တလန့် ဖြစ်စေခြင်း၊ မသမာသူများမှ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေး ကို ထိခိုက်အောင် လုပ်လာနိုင်ခြင်းတို့ကြောင့် ဖြောက်အိုး၊ မီးရှူးနှင့် ဒုံးများ(ရှူးဒိုင်း)တို့ ပစ်ဖောက်ခြင်းကို တားမြစ်သည်။

၂။ ယင်းသို့ တားမြစ်ထားသော်လည်း ယမန်နှစ် ၂၀၀၅ခုနှစ်၊ သီတင်း ကျွတ်ကာလနှင့် တန်ဆောင်တိုင်ကာလများတွင် ဖြောက်အိုး၊ မီးရှူးနှင့် ဒုံးများ(ရှူးဒိုင်း)များအား-

(က) ထုတ်လုပ်ရောင်းချသဖြင့် အရေးယူမှု(၁၂)မှုတွင် တရားခံ (၁၆)ဦးအား အနည်းဆုံးထောင်ဒဏ်(၂)နှစ်မှ အများဆုံး ထောင်ဒဏ် (၃)နှစ်အထိ ချမှတ်အရေးယူခဲ့သည်။

(ခ) ဖောက်ခြင်း၊ ပစ်လွှတ်ခြင်းများ ပြုလုပ်သဖြင့် အရေးယူမှု (၁)မှုတွင် တရားခံ(၁)ဦးအား အနည်းဆုံးထောင်ဒဏ် (၁)နှစ်မှ အများဆုံး ထောင်ဒဏ်(၂)နှစ်အထိ ချမှတ်အရေးယူ ခဲ့သည်။

၃။ သို့ဖြစ်ပါ၍ ယခုနှစ် ၂၀၀၆ခုနှစ်၊ သီတင်းကျွတ်ကာလနှင့် တန်ဆောင် တိုင် ကာလများတွင် ဖြောက်အိုး၊ မီးရှူးနှင့်ဒုံးများ(ရှူးဒိုင်း)များအား ထုတ်လုပ်ရောင်းချခြင်း၊ ပစ်ဖောက်ခြင်းများပြုလုပ်ပါက ယခင်နှစ်များ နည်းတူ အောက်ပါအတိုင်း အရေးယူသွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်-

(က) ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းများပြုလုပ်ပါက တည်ဆဲဥပဒေ အရ အများဆုံး ထောင်ဒဏ်အထိ ချမှတ်မည်ဖြစ်ပါသည်။

(ခ) ပစ်လွှတ်သည့်နေရာ အနီး၊ အဝေး၊ အနိမ့်နှင့် အမြင့်တို့တွင် ပေါက်ကွဲစေတတ်သော ဖြောက်အိုး၊ မီးရှူးနှင့် ဒုံးများ (ရှူးဒိုင်း)ဖောက်လျှင် တည်ဆဲဥပဒေအရ အများဆုံး ထောင်ဒဏ်အထိ ချမှတ်မည်ဖြစ်ပါသည်။

(ဂ) သတင်းပေးသူကို ထိုက်တန်စွာဆုပေးမည်။

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ**

# အိန္ဒိယသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော ချစ်ကြည်ရေးအဖွဲ့ ရန်ကုန်မြို့သို့ ရောက်ရှိ

ရန်ကုန် စက်တင်ဘာ ၂၁

**အိန္ဒိယသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Shekhar Dutt ဦးဆောင်သော ချစ်ကြည်ရေးအဖွဲ့သည် ယမန်နေ့ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။**

အိန္ဒိယသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော ချစ်ကြည်ရေးအဖွဲ့အား ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကြည်ဝင်း၊ မဂ်လာဒုံ လေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ် ဇင်ယော်၊ ဧရာဝတီ ရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်နှင့် တပ်မတော် အရာရှိကြီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Bhaskar Kumar Mitra ၊ စစ်သံမှူး Colonel Jasvinder Singh Chopra နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ညှော်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော ချစ်ကြည်ရေးအဖွဲ့သည် မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော် စစ်သမိုင်းပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာကြရာ စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံးမှ ဗိုလ်မှူးကျော်ကျော်မြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး တပ်မတော် စစ်သမိုင်းပြတိုက်နှင့် စပ်လျဉ်းသည်များကို ရှင်းလင်းပြောကြားကြသည်။

**အိန္ဒိယသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Shekhar Dutt ဦးဆောင်သော ချစ်ကြည်ရေးအဖွဲ့ အမျိုးသားပြတိုက်တွင် ကြည့်ရှုလေ့လာကြစဉ်။** (သတင်းစဉ်)





**ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကြည်ဝင်း အိန္ဒိယသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Shekhar Dutt အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။** (သတင်းစဉ်)

**ရှင်းလင်းပြသ**

ထို့နောက် ညှော်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော ချစ်ကြည်ရေးအဖွဲ့သည် ပြည်လမ်းရှိ အမျိုးသားပြတိုက်သို့ ရောက်ရှိကြရာ ယဉ်ကျေးမှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်နုမြဇံ၊ ပြတိုက်မှူး ဒေါ်မီမီသက်နွယ်နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး အမျိုးသားပြတိုက်ရှိ ပြခန်းများကို လိုက်လံရှင်းလင်းပြသကြသည်။

**လက်မှတ်ရေးထိုး**

ယင်းနောက် ညှော်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးသည် အမျိုးသားပြတိုက် ညှော်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ ညှော်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော ချစ်ကြည်ရေးအဖွဲ့သည် ညနေ ၄ နာရီတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ သွားရောက် ဖူးမြော်ကြည်ညိုကြရာ စေတီတော် ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ထို့နောက် ညှော်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော ချစ်ကြည်ရေးအဖွဲ့သည် စေတီတော်ရင်ပြင်ရှိ ညှော်ခံတန်ဆောင်း၌ စေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးနှင့်အမွှေးနံ့သာတို့ဖြင့် ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ညှော်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးသည် ရွှေတိဂုံစေတီတော် ညှော်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးပြီး စေတီတော်မြတ်ကြီးအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့က လက်ခံ၍ ရွှေတိဂုံစေတီတော်ပုံတော်အား ဓမ္မလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်သည်။

**ဖူးမြော်ကြည်ညို**

ယင်းနောက် ညှော်သည်တော်အိန္ဒိယသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော ချစ်ကြည်ရေးအဖွဲ့သည် ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်မြတ်အား လည်းကောင်း၊ ရင်ပြင်တော်ရှိ အောင်မြေ၌ စေတီတော်မြတ်ကြီးအား လည်းကောင်း ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ညှော်သည်တော် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော ချစ်ကြည်ရေးအဖွဲ့သည် စေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ကြည်ညိုကြပြီး စေတီတော်ရင်ပြင်ရှိ သာသနိကအဆောက်အအုံများကို ကြည့်ရှုလေ့လာကြသည်။ (သတင်းစဉ်)

# အိန္ဒိယသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဆောင်သော ချစ်ကြည်ရေးအဖွဲ့ နေပြည်တော်သို့ ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၁**

အိန္ဒိယသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Shekhar Dutt ဦးဆောင်သော ချစ်ကြည်ရေးအဖွဲ့သည် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကြည်ဝင်းနှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Bhaskar Kumar Mitra နှင့် စစ်သံမှူး Colonel Jasvinder Singh Chopra တို့ လိုက်ပါလျက် ယနေ့ နံနက် ၇ နာရီ ၄၅ မိနစ်တွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ရောက်ရှိကြရာ ဒုတိယ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်မှူးချုပ်ဇော်ဝင်းနှင့် တာဝန်ရှိသူများက နေပြည်တော် လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

**တွေ့ဆုံနှုတ်ဆက်**

အိန္ဒိယသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Shekhar Dutt ဦးဆောင်သော ချစ်ကြည်ရေးအဖွဲ့သည် နံနက် ၁၀နာရီခွဲတွင် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကြည်ဝင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ (ကြည်း၊ရေ၊လေ) တပ်မတော် အရာရှိကြီးများအား နေပြည်တော်ရှိ ပေါင်းလောင်းရိပ်သာ၌ တွေ့ဆုံနှုတ်ဆက်သည်။

အိန္ဒိယသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Shekhar Dutt ဦးဆောင်သော ချစ်ကြည်ရေးအဖွဲ့သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် စစ်သံမှူးတို့လိုက်ပါလျက် မွန်းလွဲပိုင်းတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် မန္တလေးမြို့သို့ ဆက်လက်ထွက်ခွာသွားသည်။ (သတင်းစဉ်)



**မြန်မာနိုင်ငံ အမျိုးသားအဆင့် အီလက်ထရွန်နစ်လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင် ဦးအောင်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့တော်၌ ကျင်းပခဲ့သည့် ဆက်သွယ်ရေးနှင့် အီလက်ထရွန်နစ်ပစ္စည်းများ ပြပွဲနှင့် ဆွေးနွေးပွဲတက်ရောက်ပြီး စက်တင်ဘာ ၁၇ ရက်က နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာရာ ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။**
(သတင်းဖော်ပြပြီး) (သတင်းစဉ်)



**ရန်ကုန်မြို့ ဒဂုံမြို့နယ် စကားဝါလမ်းနေ မိဘ ဦးကျင်ထွေး-ဒေါ်အုံးကြင်တို့အား အမှူးထား၍ သား ကိုအောင်သူက ဗဟန်းမြို့နယ် ဓိဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် ကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးမှူး ဦးသန်းရွှေ လက်ခံယူစဉ်။** (က-ပ)

# ဘီအီး( အီးပီ )ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပရေး ညှိနှိုင်း

**ရန်ကုန် စက်တင်ဘာ ၂၁**

ရန်ကုန်စက်မှုတက္ကသိုလ်မှ ၁၉၉၄ ခုနှစ်တွင် B.E (Electrical Power) ဖြင့် ဘွဲ့ရရှိခဲ့ကြသည့် ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲကျင်းပရေး အကြိုညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၇ ရက်က မရမ်းကုန်းမြို့နယ် ပြည်လမ်း ရှစ်မိုင်လမ်းဆုံ မြိုင်ဟေဝန်ပန်းခြံရှိ ရွှေဘဲစားသောက်ဆိုင်၌ ကျင်းပသည်။

အာစရိယပူဇော်ပွဲကို နိုဝင်ဘာလတွင် ကျင်းပမည်ဖြစ်ရာ အသေးစိတ်သိရှိလိုသူများနှင့် အလှူငွေ၊ ကန်တော့ပစ္စည်းများ လှူဒါန်းလိုသူများသည် ဦးရဲဘုန်းလှိုင် ဖုန်း-၀၉-၅၁၀၇၃၀၀၊ ဦးညီညီလွင် ဖုန်း-၀၉-၅၁၁၅၆၇၇၊ဦးညွန့်ဇင် ဖုန်း-၀၉-၅၀၁၂၂၂၇၊ ဦးမော်စီထွန်း ဖုန်း- ၅၅၇၄၅၀၊ ဦးစိုးမင်းထွန်း ဖုန်း-၀၉-၅၁၆၉၄၃၄၊ ဦးမောင်မောင်မြတ် ဖုန်း-၀၉-၅၁၂၂၁၀၄၊ ဦးမျိုးကျော် ဖုန်း-၀၉-၅၁၀၅၅၃၃ နှင့် ဦးသိန်းဝင်း ဖုန်း-၀၉-၅၀၀၃၉၀၇ တို့သို့ ဆက်သွယ်စုံစမ်း လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

**ယနေ့ မိုးလေဝသ**

**၂၂-၉-၂၀၀၆**

**နေပြည်တော်**

**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။**

**ရန်ကုန်**

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။**

**မန္တလေး**

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။**

**(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအတွက် ပထမအကြိမ်အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် အမှာစကား ပြောကြားစဉ်။**

(သတင်းစဉ်)





## ✳ အဆို၊အက၊အရေး၊အတီးမှ

မြန်မာ့ရိုးရာ ယဉ်ကျေးမှု အမွေအနှစ်များဖြစ်သည့် မြန်မာ့ဂီတ၊ မြန်မာ့အက၊ မြန်မာ့သဘင်စသော အနုပညာရပ်များ အရှည်တည်တံ့စေပြီး ပြည်နယ်/တိုင်း နယ်မြေဒေသအားလုံး၌ အခြေခိုင်မာစွာဖြင့် ရှင်သန်ပြန့်ပွားရေး၊ အနုပညာရှင်မျိုးဆက်သစ်များ စဉ်ဆက်မပြတ် ပေါ်ထွက်လာစေရေး၊ အမျိုးသားရေး ဂုဏ်သိက္ခာနှင့် အမျိုးသားရေးစရိုက် လက္ခဏာများ ရှင်သန်ရေးစသည့် မွန်မြတ်သော ရည်ရွယ်ချက်များဖြင့် ၁၉၉၃ ခုနှစ်ကစတင်ပြီး မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကို နှစ်စဉ်ကျင်းပလာခဲ့ရာတွင် ယခုအခါ (၁၄)ကြိမ်မြောက် ပြိုင်ပွဲကြီးအဖြစ် မကြာမီကျင်းပသွားတော့မည်ဖြစ်ကြောင်း။

### စီမံဆောင်ရွက်နေ

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရန်အတွက် သက်ဆိုင်ရာ ကော်မတီများကိုလည်း အသီးသီးဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုနှစ်ပြိုင်ပွဲကြီးကို နေပြည်တော်၌ ပထမဆုံးအကြိမ်အဖြစ် ကျင်းပသွားမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲကျင်းပနိုင်ရေးအတွက် လိုအပ်သော ကြိုတင်ပြင်ဆင်မှု လုပ်ငန်းများကိုလည်း သက်ဆိုင်ရာ ကော်မတီများအလိုက် စနစ်တကျ စီမံဆောင်ရွက်နေကြပြီဖြစ်ကြောင်း။

### အားလုံးအသိပင်ဖြစ်

မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာရပ်များသည် သမိုင်းစဉ်ခေတ်အဆက်ဆက်ကို ဖြတ်သန်းခဲ့မှုနှင့်အတူ မြန်မာ့ဘဝ၊ မြန်မာ့ဓလေ့စရိုက်ကို ပြောင်မြောက်ပီပြင်စွာ ထင်ဟပ်ဖော်ကျူးနိုင်သော အဆင့်အတန်းမြင့်မားသည့် အခြေအနေကို ရှေးဦးကာလကတည်းက ရောက်ရှိနေခဲ့ပြီး ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်အနုပညာ၊ ကိုယ်ပိုင်အမျိုးသားရေး လက္ခဏာများအဖြစ် နိုင်ငံတကာအလယ်တွင် ထည်ထည်ဝါဝါ၊ ကျက်သရေရှိရှိ ရှင်သန်ရပ်တည် နေနိုင်ခဲ့သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

### မငြင်းကွယ်နိုင်

မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်အမျိုးသားရေး လက္ခဏာများဖြင့် ကမ္ဘာ့အလယ်တွင် အဆင့်အတန်းမြင့်မြင့် ရပ်တည်ထွန်းပြောင် နိုင်ခဲ့ခြင်းသည် မိမိတို့ဘိုးဘွားဘီဘင်များ၏ မွန်မြတ်သည့် စိတ်စေတနာ၊ ထက်မြက်သည့် ဖွဲ့၊ လုံ့လ၊ ဝီရိယ အစွမ်းသတ္တိများဖြင့် ကောင်းမွန်သော ထိန်းသိမ်းစွမ်းဆောင် ကြိုးပမ်းချက်များကြောင့်ပင်ဖြစ်ကြောင်း၊ ဤသို့အစဉ်အလာရှိသည့် အနုပညာဆိုင်ရာ အမျိုးသားရေးလက္ခဏာကောင်းများ မပျောက်ပျက်ရအောင် ထိန်းသိမ်းစောင့်ရှောက်သွားရေးနှင့် ဆက်လက်ရှင်သန်တိုးတက်ပြန့်ပွားအောင် မျိုးဆက်သစ်များအား လက်ဆင့်ကမ်းအမွေကောင်းများပေးနိုင်ရေးအတွက် ဆောင်ရွက်ရမည့် တာဝန်သည် သမိုင်းရေးရာအရရော မျိုးစောင့်တရားအရပါ ယနေ့ မိမိတို့နိုင်ငံသားအားလုံး အနေဖြင့် မလွဲမသွေ ဆက်လက်သယ်ပိုး ထမ်းရွက်ကြရမည့် ပခုံးပြောင်းတာဝန်ပင်ဖြစ်သည်ကို မည်သူမျှ မငြင်းကွယ်နိုင်ကြောင်း။

ထို့အပြင် အဆိုပါရိုးရာယဉ်ကျေးမှု အမွေအနှစ်များအပါအဝင် အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်သွားနိုင်ရန် ယနေ့ နိုင်ငံတော်က ချမှတ်ဖော်ဆောင်နေသော ဦးတည်ချက် (၁၂)ရပ်အနက် လူမှုရေးဦးတည်ချက်တွင် “အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး”၊ “မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး”ဆိုသည့် ဦးတည်ချက်များကို ထည့်သွင်းချမှတ်ပေးထားပြီးဖြစ်ကြောင်း။

ထို့ကြောင့် မြန်မာလူမျိုးတို့၏ မျိုးရိုးဂုဏ်ရှိန်ကို မြင့်မားထည်ဝါစေပြီး သမိုင်းစဉ် အဆင့်ဆင့်တွင် မြှင့်တင်ပေးလာခဲ့သော မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာအစဉ်အလာ စွမ်းရည်ကောင်းများကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ပြီး မျိုးဆက်သစ်များကို လက်ဆင့်ကမ်း အမွေပေးနိုင်ရေးနှင့် တန်ဖိုးကြီးမားပြီး စွမ်းအားထက်မြက်သည့် အနုပညာစွမ်းပကားကို တိုင်းပြည်နှင့် လူမျိုးမြှင့်တင်ရေးတွင် အစွမ်းထက် ထိရောက်စွာ အသုံးပြုသွားနိုင်ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများဖြင့် ပြန်လည်ဖော်ထုတ်ပြုစုပျိုးထောင်ပေးနေခြင်းပင်ဖြစ်ကြောင်း။

### ရောထွေးပါဝင်နေ

ယနေ့မျက်မှောက်ကာလကို ကြည့်မည်ဆိုလျှင် သတင်းနှင့် နည်းပညာရပ်များသည် အရှိန်အဟုန်ဖြင့် လျင်လျင်မြန်မြန် ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ Globalization အခြေအနေအရ ကမ္ဘာ့နိုင်ငံအသီးသီး၏ နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေး၊ ကာကွယ်ရေးနှင့် လူမှုရေးနယ်ပယ် အသီးသီး၌ လွှမ်းမိုးရိုက်ခတ်မှုများ ဖြစ်ပေါ်လျက်ရှိခြင်းကို တွေ့ကြရမည်ဖြစ်ကြောင်း၊ ဤသို့သော ရိုက်ခတ်မှုများအရ ကောင်းသောအကျိုးဆက်များ ရှိသကဲ့သို့ မကောင်းသောအကျိုးဆက်များလည်း ရောထွေးပါဝင်နေခြင်းကို တွေ့ကြရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် အနောက်နိုင်ငံများ၏ ယဉ်ကျေးမှု ထုတ်ကုန်ပစ္စည်းများသည် ကမ္ဘာ့လူဦးရေ၏ ငါးပုံနှစ်ပုံဖြစ်သော အသက် (၂၀)အောက် လူငယ်ထုများအတွင်း အဓိကဈေးကွက်အဖြစ် ပစ်မှတ်ထား ဝင်ရောက်ခြယ်လှယ်နေသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း၊ ထို့အပြင် နည်းပညာပြောင်းလဲတိုးတက်လာမှုအရ နိုင်ငံအသီးသီး၏ ရိုးရာယဉ်ကျေးမှုအစဉ်အလာများ၊ ယုံကြည်ကိုးကွယ်မှုဆိုင်ရာ ဘာသာရေးကိစ္စများအပေါ်တွင်လည်း ထိခိုက်ထိုးနှက်မှုများကြောင့် သက်ဆိုင်ရာ နိုင်ငံအသီးသီး၌ စိုးရိမ်ပူပန်မှုများ ဖြစ်နေကြရသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ တေးဂီတဆိုင်ရာဘက်တွင် ကြည့်မည်ဆိုလျှင်လည်း အနောက်တိုင်း ယဉ်ကျေးမှု လွှမ်းမိုးနေသော စက်မှုအခြေခံ တေးဂီတဆိုင်ရာ ထုတ်ကုန်များကြောင့် နိုင်ငံအတော်များများတွင် နှစ်ပေါင်းရှည်ကြာစွာမိမိတို့ ထိန်းသိမ်းလာကြသည့် တိုင်းရင်းသားရိုးရာ တေးဂီတ အနုပညာများအပေါ် ဝင်ရောက်ရောနှော လွှမ်းမိုးကူးစက်နေသည့်အတွက် စိုးရိမ်မကင်းဖြစ်နေကြရသည်ကိုလည်း တွေ့ကြရမည်ဖြစ်ကြောင်း။

### တစ်တပ်တစ်အားပါဝင်

ထို့ကြောင့် မြန်မာတစ်မျိုးသားလုံးနှင့် ဆိုင်သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး သုခုမ အနုပညာရပ်များ အပါအဝင် ယဉ်ကျေးမှု အမွေအနှစ်များ ရေရှည်တည်တံ့မှုရှိအောင် ထိန်းသိမ်းစောင့်ရှောက်သွားရန်နှင့် တိုင်းတစ်ပါး ယဉ်ကျေးမှုများ ဝင်ရောက်ခြယ်လှယ် လွှမ်းမိုးခြင်းမခံရအောင် တားဆီးကာကွယ်ရေးတာဝန်သည် နိုင်ငံသားအားလုံး၏ သမိုင်းပေးတာဝန်ပင်ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုများ ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်ခြင်း ဖြစ်သည်ဟုလည်း ဆိုနိုင်မည်ဖြစ်ကြောင်း၊ ယခုကြွရောက်လာကြသည့် စေတနာရှင်၊ အလှူရှင်များအနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးအတွက် စေတနာထက်သန်စွာဖြင့် အလှူငွေများ လာရောက်ထည့်ဝင်ပေးအပ်လှူဒါန်းကြခြင်းသည် ပြိုင်ပွဲတစ်ရပ် ကျင်းပနိုင်အောင် သာမန်ပံ့ပိုးကူညီလှူဒါန်းခြင်းမျိုး မဟုတ်ဘဲ၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် အမျိုးသားရေးတာဝန်၊ နိုင်ငံ့တာဝန်ကို မျိုးချစ်စိတ်ဓာတ်ရှိသည့် နိုင်ငံ့သားကောင်း တစ်ယောက်အနေနှင့် ထက်သန်မြဲမြံသည့်စိတ်ဖြင့် တစ်တပ်တစ်အားပါဝင်ထမ်းရွက်လိုက်ခြင်းပင်ဖြစ်ကြောင်း။

### ကျေးဇူးတင်ရှိ

နိဂုံးချုပ်အားဖြင့် ယခုကဲ့သို့ နိုင်ငံတော်က ၁၉၉၃ ခုနှစ်ကစပြီး နှစ်စဉ်ကျင်းပပေးခဲ့သည့် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများ၏ အဓိက အနှစ်သာရသည် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်များ ပိုမိုရှင်သန်ခိုင်မာစေရေးအတွက်ပင်ဖြစ်ကြောင်း၊ အမျိုးသားယဉ်ကျေးမှု ဓလေ့စရိုက် အစဉ်အလာများကို တလေးတစား ချစ်ခင်မြတ်နိုး ထိန်းသိမ်းစောင့်ရှောက်လာခြင်းဖြင့် တူညီသည့်စိတ်ဓာတ် ညီညွတ်သည့် ရပ်တည်မှုများ ဖြစ်ထွန်းပေါ်ပေါက်လာကာ ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်များ ပိုမိုရင့်သန်ခိုင်မာလာစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ နိုင်ငံတော်က ရည်ရွယ်ချက်မြင့်မြင့်မားမား ထားရှိဆောင်ရွက်နေသည့် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးအတွက် အလှူငွေများ လာရောက်ထည့်ဝင် ပါဝင်လှူဒါန်းသည့် စေတနာရှင်အလှူရှင်များနှင့် ပြိုင်ပွဲကျင်းပရေးအတွက် တာဝန်ရှိသူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသွားသည်။

### ပြန်လည်ပေးအပ်

ထို့နောက် အလှူရှင်များဖြစ်ကြသော ပြန်ကြားရေးဝန်ကြီးဌာနက ငွေကျပ် သိန်းငါးရာ၊ အမှတ်(၁) စက်မှုဝန်ကြီးဌာနနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနတို့က ငွေကျပ်ဆယ်သိန်းစီ၊ ပို့ဆောင်ရေးဝန်ကြီးဌာနက ငွေကျပ်ငါးသိန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနနှင့် သမဝါယမဝန်ကြီးဌာနတို့က ငွေကျပ်နှစ်သိန်းစီ၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ စာရင်းစစ်ချုပ်ရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့က ငွေကျပ် တစ်သိန်းစီ၊ ရှေ့နေချုပ်ရုံးက ငွေကျပ်သုံးသောင်း၊ ပျဉ်းမနားခရိုင်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်ဆယ်သိန်း၊ အာရှကြီးပွားတိုးတက်ရေး ထုတ်ကုန်သွင်းကုန် ကုမ္ပဏီလီမိတက်က ငွေကျပ်သိန်းနှစ်ဆယ်၊ ACE Co., Ltd. က ငွေကျပ်တစ်ဆယ့်ကိုးသိန်း၊ အေဝမ်းကုမ္ပဏီက ငွေကျပ် တစ်ဆယ့်ရှစ်သိန်း၊ မိုးကြယ်စင်ကုမ္ပဏီက ငွေကျပ်တစ်ဆယ့်ငါးသိန်း၊ TZTM ကုမ္ပဏီက ငွေကျပ် တစ်ဆယ့်သုံးသိန်း၊ ရွှေတောင် ကုမ္ပဏီက ငွေကျပ် တစ်ဆယ့်နှစ်သိန်း၊ ရောရွှေဝါကုမ္ပဏီက ငွေကျပ် တစ်ဆယ့်တစ်သိန်း၊ တက်လမ်းကုမ္ပဏီ၊ WEG ကုမ္ပဏီနှင့် အောင်ကောင်းကျော်ကုမ္ပဏီတို့က ငွေကျပ်ဆယ်သိန်းစီ၊ အက်စ်ပီဒင်ကုမ္ပဏီက ငွေကျပ် ကိုးသိန်း၊ တက်ခမ်းကုမ္ပဏီက ငွေကျပ်ခုနစ်သိန်း၊ ဣန္ဒြိတံကုမ္ပဏီက ငွေကျပ်ခြောက်သိန်း၊ ထူးကုမ္ပဏီ၊ WHKကုမ္ပဏီ၊ Peace Myanmar Electric Co., Ltd.၊ မြန်မာနိုင်ငံရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ Golden Flower ကုမ္ပဏီ၊ အေးရှားဝေါလ်ကုမ္ပဏီ၊ သော်တာဝင်းကုမ္ပဏီနှင့် အေဒင်ကုမ္ပဏီတို့က ငွေကျပ်ငါးသိန်းစီ၊ Super Technology Co., Ltd ၊ သိဏ်းကုမ္ပဏီနှင့် Asia Hi-Tech Group တို့က ငွေကျပ်သုံးသိန်းစီ၊ တော်ဝင်အောင်ကုမ္ပဏီနှင့် နန်းအိမ်သူကုမ္ပဏီတို့က ငွေကျပ်နှစ်သိန်းစီ၊ NEPS ကုမ္ပဏီ၊ Myanmar Land Development ကုမ္ပဏီနှင့် MWEP Co., Ltd. တို့က ငွေကျပ် တစ်သိန်းစီတို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် ဘဏ္ဍာငွေရှာဖွေရေးနှင့် ဆုချီးမြှင့်ရေး ဆပ်ကော်မတီဝင် စည်ပင်သာယာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်က အလှူရှင်များအား ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအတွက် ပထမအကြိမ် အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် စေတနာရှင်များ၏ လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ် ခုနစ်ရာ ခြောက်ဆယ့်သုံးသိန်း သုံးသောင်းဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

## ရိုးရာအမွေ မပျက်စတမ်း လက်ဆင့်ကမ်းကာ ထိန်းသိမ်းပါ

☆ ယဉ်ကျေးမှု မြန်မာ့အမွေပါ
အစဉ်ရှေးရှု ကြပေတာ
သဘင်တေးအစု အလှဝေဖြာ
ကမ္ဘာအလယ် ဝင့်ပေမှာ
မြန်မာတကယ် တင့်စေရာ
ကာကွယ်သင့်ပေတာ။

☆ အနောက်ဟန်လွှမ်း မစွက်စေရာ
မဖောက်ပြန်စတမ်း အဖျက်သွေခွာ
တစ်ယောက်မကျန် ထမ်းရွက်နေမှာ
နိုင်ငံရဲ့စေတနာ
ပြိုင်စံမဲ့ စေတာ
ကြိုင်လှျံတဲ့ အသရေဖြာ။

☆ အမျိုးသားရေးအတွက် မပျက်စတမ်းသာ
ဘိုးဘွားပေးဆက် လက်ကမ်းလာ
နိုးကြားမနေးမပျက် ရွက်ထမ်းမှာ
စုဒ္ဒသမ အကြိမ်ရောက်လာ
အဟုတ်မှတ်ကြ ထိန်တောက်ကာ
အလုပ်မပြတ်မှ မှိန်မပျောက်မှာ။

☆ တွေးပြီးဆဖို့ လိုပေတာ
ရှေးခရီးလှဖို့ ကြိုနေမှာ
ရေးတီးကလို့ ဆိုလေပါ။ ။

[(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးအား ကြိုဆိုဂုဏ်ပြုလျက်...]

**မြပုလဲမြေ သိန်းနိုင်(မြိတ်)**

## ● အဆီများသောမှ

အမျိုးသမီးပေါင်း ၆၁၄၃၃ ဦးကို ၁၉၈၇ ခုနှစ် မတ်လမှ ၁၉၉၀ ပြည့်နှစ် ဒီဇင်ဘာလ အထိ လေ့လာပြီးမှ ဖော်ပြပါကောက်ချက်ကို ချခဲ့ကြခြင်းဖြစ်သည်။

သီတင်းတစ်ပတ်လျှင် ငါး/အသားဟင်း တစ်ကြိမ်နှင့်အထက် စားသုံးသော အမျိုးသမီးများ၌ ကျောက်ကပ်ကင်ဆာရောဂါ ဖြစ်ပွားနိုင်ခြေသည် ငါးမစားသူများမှာထက် ၄၄ ရာခိုင်နှုန်း လျော့နည်းနေသည်ကို တွေ့ခဲ့ကြရသည်။

ငါးအသားကို သုတေသနပြု စတင်လေ့လာချိန်မှစ၍ လေ့လာမှုပြီးဆုံးချိန်အထိ မှန်မှန်စားသုံးလာသော အမျိုးသမီးများတွင် ငါးမစားသုံးသူများထက် ကျောက်ကပ်ကင်ဆာရောဂါ ဖြစ်ပွားနိုင်ခြေအခွင့်အလမ်းသည် ၇၄ ရာခိုင်နှုန်းအထိသိသာစွာလျော့ နည်းနေသည်ကို ပညာရှင်များက သတိပြုမိခဲ့ကြသည်။

ယခင်အခါက ပြုလုပ်သော ငါးစားသုံးမှုလေ့လာချက်တွင် ငါးနှင့် အတူပါလာသော ဖက်တီးအက်ဆစ်နှင့် ဗီတာမင်ဒီတို့၏ အကျိုးသက်ရောက်မှုများကို ထည့်သွင်းစဉ်းစားခဲ့ခြင်းမရှိပေ။ အဆီများသောငါးများတွင် ကျောက်ကပ်ကင်ဆာဖြစ်ပွားမှုကို လျော့ပါးစေသော အိုမီဂါ–၃၊ ဖက်တီးအက်ဆစ်ဓာတ်မှာ ရိုးရိုးငါးများမှာထက် အဆ၂၀ မှ ၃၀အထိ ပိုမိုပါဝင်နေသည်ကို သုတေသီတို့က တွေ့ရှိခဲ့ကြသည်။

ဖက်တီးအက်ဆစ်ဓာတ် များစွာပါဝင်သော ငါး၏ အဆီတွင် ရိုးရိုးငါးမှာထက် ဗီတာမင်ဒီသုံးဆမှ ငါးဆအထိ ပိုမိုပါဝင်သည်။ ထိုအချက်များကြောင့် အဆီများသော ငါးကိုစားသုံးသူများ၌ ကျောက်ကပ်ကင်ဆာဖြစ်ပွားမှုနည်းပါးရခြင်းဖြစ်နိုင်သည်ဟု လက်ခံထားခြင်းဖြစ်သည်။

**အင်တာနက်**

# မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့်အဖွဲ့ ပျဉ်းမနားနှင့် လယ်ဝေးတွင် အသင်းလုပ်ငန်းများကြည့်ရှု

နေပြည်တော် စက်တင်ဘာ ၂၁

**မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် စက်တင်ဘာ ၁၉ရက် နံနက်ပိုင်းတွင် ပျဉ်းမနားမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးသို့ သွားရောက်၍ အသင်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။**

တွေ့ဆုံပွဲသို့ ခရိုင် ဆရာဝန်ကြီး ဒေါက်တာအေးကိုကို၊ ခုခံကျ/ကာလသားရောဂါ စီမံချက်အဖွဲ့ခေါင်းဆောင် ဒေါက်တာဝင်းနိုင်၊ မြို့နယ် ကျောင်းကျန်းမာရေး တာဝန်ခံဆရာဝန် ဒေါက်တာကျော့သာစိန်နှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အသင်းဝင်များ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံရာတွင် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌက မြို့နယ်အသင်း၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ မြို့နယ်ကျောင်းကျန်းမာရေးတာဝန်ခံ ဆရာဝန် ဒေါက်တာကျော့သာစိန်က သားဖွားခန်းလုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး(၁) ဒေါက်တာဒေါ်မေမာလာက မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် သားဖွားခန်းများကို ဦးတည်အုပ်စုအဖြစ်သတ်မှတ် ဆောင်ရွက်မည့် မိခင်မှ သန္ဓေသားသို့ HIV ရောဂါပိုး ကူးစက်ခြင်းမှ ကာကွယ်တားဆီးရေးလုပ်ငန်း (PMTCT) စီမံချက်အကြောင်းကို အသီးသီးရှင်းလင်းတင်ပြကြရာ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်က လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။



မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး(၁) ဒေါက်တာဒေါ်မေမာလာ မိခင်နှင့် သန္ဓေသားသို့ HIV ရောဂါပိုးကူးစက်ခြင်းမှ ကာကွယ်တားဆီးရေးလုပ်ငန်း စီမံချက်အကြောင်း ရှင်းလင်းပြောကြားစဉ်။ (မိခင်နှင့်ကလေး)

## ထောက်ပံ့ပေးအပ်

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် အဖွဲ့သည် ပျဉ်းမနားနှင့် လယ်ဝေးမြို့နယ်တို့၌ ယင်လုံအိမ်သာသုံးစွဲမှု အခြေအနေများနှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ထောက်ပံ့ပေးသော ယင်လုံအိမ်သာသုံးစွဲမှု အခြေအနေများကို လိုက်လံကြည့်ရှုပြီး ပျဉ်းမနားနှင့် လယ်ဝေးမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းများအတွက် ငွေကျပ် ၃၀၀၀၀စီ ထောက်ပံ့ပေးအပ်သည်။

## ပူးပေါင်းဆောင်ရွက်

မိခင်မှ သန္ဓေသားသို့ HIV ရောဂါပိုး ကူးစက်ခြင်းမှ ကာကွယ်တားဆီးရေး လုပ်ငန်း (PMTCT) စီမံချက်မှာ ကျန်းမာရေးဝန်ကြီးဌာန ခုခံကျ/ကာလသားရောဂါကာကွယ်တိုက်ဖျက်ရေး စီမံချက်နှင့် UNICEFတို့ပူးပေါင်းဆောင်ရွက်သည့် စီမံချက်ဖြစ်ပြီး ၂၀၀၆ခုနှစ်အတွင်း ပျဉ်းမနားမြို့နယ်၊ ရန်ကုန်တိုင်းအတွင်း လှိုင်မြို့နယ်၊ မန္တလေးတိုင်းအတွင်း မဟာအောင်မြေမြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ်၊ မွန်ပြည်နယ်အတွင်း ကျိုက်ထိုမြို့နယ် ကင်မွန်းချောင်း သားဖွားခန်းများ၌ စတင် ဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)




**ကာကွယ်ရေးဦးစီးချုပ် (လေ) တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲတွင် ကာကွယ်ရေးဦးစီးချုပ် (လေ)ကိုယ်စား မြေပြင်အတတ်သင် လေတပ်စခန်း လေတပ်စခန်းမှူး ဗိုလ်မှူးကြီးသူရခင်မောင်ဝင်း အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

# ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၁**

ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲကို စက်တင်ဘာ ၁၈ရက် နံနက်ပိုင်းတွင် မိတ္ထီလာမြို့ မြေပြင်အတတ်သင် လေတပ်စခန်း အားကစားကွင်း၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား မြေပြင်အတတ်သင် လေတပ်စခန်း လေတပ်စခန်းမှူး ဗိုလ်မှူးကြီးသူရခင်မောင်ဝင်း တက်ရောက်၍ အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အဆိုပါပြိုင်ပွဲသို့ မြေပြင်အတတ်သင် လေတပ်စခန်းမှ အုပ်မှူး၊ တပ်မှူးများ၊ နယ်မြေခံ တပ်နယ်မှအရာရှိစစ်သည်များနှင့်မိသားစုဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်အားပေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၂၂-၉-၂၀၀၆ (သောကြာနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ အတီးပြိုင်ပွဲ
- ၈:၀၀ ၆။ ကြေးမုံရိပ်သွင်တေးနှယဉ်
- ၈:၁၀ ၇။ အကပြိုင်ပွဲ
- ၈:၂၀ ၈။ မြန်မာ့မီးရထားစွမ်းအားကျောက်ရေတွင်း ခုံးကျော်တံတား
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ English for Everyday Use.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ တေးဂီတအစီအစဉ်
- ၄:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ် (သတ္တဗေဒ အထူးပြု) (သတ္တဗေဒ)
- ၄:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၅:၁၀ ၆။ မြန်မာစာ၊ မြန်မာစကား
- ၅:၂၀ ၇။ နှောင်းခေတ်တေးပဒေသာ
- ၅:၃၀ ၈။ **"သတိနဲ့ယှဉ် အသိနဲ့ပြင်" (အပိုင်း–၁)(ဝါးခယ်မရဲမောင်၊ ဘုန်းလျှံ၊ မြတ်ကေသီအောင်၊ ရတနာခင်၊ဟန်နီထွန်း၊ပြည့်ဖူးခိုင်၊ နီနီရွှေရည်၊ ဆောင်းနှင်းဝေ၊ ပိုင်းစုခိုင်သိန်း၊ အိုင်းရစ်လေပြေဦး) (ဒါရိုက်တာ–မင်းအုပ်စိုး)**
- ၅:၄၀ ၉။ **၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန်**
- ၅:၅၀ ၁၀။ တည်ဆောက်ပြုပြင် ရှမ်းအရှေ့တစ်ခွင်
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၃၀ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၃။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၇:၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်နတ်သမီး" (အပိုင်း–၃)**
- ၇:၄၀ ၁၅။ ယှဉ်ပြိုင်ဝင်နွှဲ ASEAN Quiz 2006 ပြိုင်ပွဲ
- ၈:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေး ပထမချစ်ပုံပြင်" (အပိုင်း–၂)**
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။

# မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသို့ ဆေးတက္ကသိုလ်(၁)ရန်ကုန် ကျောင်းသားကျောင်းသူများ လေ့လာ

ရန်ကုန် စက်တင်ဘာ ၂၁

**ဆေးတက္ကသိုလ်(၁)ရန်ကုန်မှ နောက်ဆုံးနှစ်အပိုင်း(က) ကျောင်းသား ကျောင်းသူများသည် ဆေးတက္ကသိုလ်(၁) ရန်ကုန် ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဌာနမှ ဆရာ ဆရာမများ ဦးဆောင်လျက် စက်တင်ဘာ ၁၉ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် ပါရမီလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံသို့ သွားရောက်လေ့လာကြသည်။**

ရှေးဦးစွာ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အမှုဆောင်ညွှန်ကြားရေးမှူး ပါမောက္ခ ဒေါက်တာ ဦးထွန်းရီက နှုတ်ခွန်းဆက်စကား ပြောကြားပြီး အတွင်းရေးမှူး ဒေါက်တာ ဒေါ်ဝေဝေသာက အသင်းဖွဲ့စည်းပုံ အဆင့်ဆင့်နှင့် အသင်း၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကိုလည်းကောင်း၊ ဗဟိုအလုပ်အမှုဆောင် ဒေါက်တာသန်းဦးက ပညာရေး၊ စီးပွားရေး၊ လူမှုရေးစောင့်ရှောက်မှုလုပ်ငန်းများကို လည်းကောင်း အသေးစိတ် ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ လေ့လာရေးအဖွဲ့ဝင် ကျောင်းသား ကျောင်းသူများ၏ မေးမြန်းမှုများကို အတွင်းရေးမှူး ဒေါက်တာ ဒေါ်ဝေဝေသာ၊ အမှုဆောင်ညွှန်ကြားရေးမှူး ပါမောက္ခဒေါက်တာ ဦးထွန်းရီတို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် ဆေးတက္ကသိုလ်(၁) အပိုင်း(က) ကျောင်းသား ကျောင်းသူများသည် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံအတွင်းရှိ ရောဂါရှာဖွေရေး ဆေးခန်းနှင့် ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေးဌာန မူကြိုကျောင်းများသို့ လှည့်လည် ကြည့်ရှုလေ့လာကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသာ ဆေးတက္ကသိုလ်(၁) (ရန်ကုန်) နောက်ဆုံးနှစ် အပိုင်း(က)မှ ကျောင်းသား၊ ကျောင်းသူများအား အသင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။** (မိခင်နှင့်ကလေး)



**မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်**



အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် မန္တလေးတိုင်း ချမ်းမြသာစည်မြို့နယ် (၆၅)-(၆၆)လမ်းကြား ရတနာပုံလမ်းနေ ဘဝတက်လမ်း ကျောက်မျက်တူးဖော်ရေးကုမ္ပဏီလီမိတက်ပိုင်ရှင် ဦးရဲသူ-ဒေါ်ယဉ်ယဉ်အောင် မိသားစု၏ကိုယ်စား ဦးဟန်ရှိန် (တရားရုံးချုပ်တရားသူကြီး)-ဒေါ်မြမြလေး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ၊ သီဟသုဓမ္မသိင်္ဂီ အကျိုးဆောင်များက အလှူတော်ငွေကျပ် သိန်း ၁၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း နာယက အကျိုးတော်ဆောင် ဆရာတော် အောင်တော်မူ ဒေါက်တာ အရှင်သုန္ဒရ (လုမ္ဗိနီ)၊ အမှုဆောင် ဆရာတော် အရှင်ဝိနယ (ဝံသမေဒနီ)တို့ထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)



အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေ နှစ်ဧက ဝယ်ယူရန်အတွက် ကွယ်လွန်သူမိခင်ကြီး ဒေါ်ခင်ခင်စိန်အားရည်စူး၍ ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ဦးရွှေဂွန်းလမ်းတို ရေကျော်ရပ် (၇)ရပ်ကွက်နေ သားမောင်မင်းသူက အလှူတော်ငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင် ဆရာတော် ဦးကုသလ (M.A) ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

## တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပြိုင်ပွဲများ ဆက်လက်ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၁**

၂၀၀၆ ခုနှစ် (၂၂)ကြိမ်မြောက် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ဖလား အသက် (၂၁)နှစ်နှင့်အောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ၏ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို သတ်မှတ်ထားသည့် နယ်ဇုန်များ၌ ယနေ့ ညနေပိုင်းတွင် ဆက်လက်ကျင်းပသည်။

(က) အုပ်စု ရတခဇုန် (မော်လမြိုင်) ရာမညအားကစားကွင်း၌ ကျင်းပသောပြိုင်ပွဲတွင် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းက အမှတ်(၉၉) ခြေမြန်တပ်မဌာနချုပ် အသင်းကို ၁၃ဂိုး-ဂိုး မရှိဖြင့်လည်ကောင်း၊ (ခ) အုပ်စု နတခဇုန် (ပုသိမ်) ရောဝတီတိုင်းအားကစားကွင်း၌ ကျင်းပသော ပြိုင်ပွဲတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အသင်းက အမှတ်(၁၀၁) ခြေမြန်တပ်မဌာနချုပ်အသင်းကို ၂၀ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ (ဂ) အုပ်စု နမခဇုန် (မုံရွာ) နမခအားကစားကွင်း၌ ကျင်းပသောပြိုင်ပွဲတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်အသင်းက ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိသွားပြီး (ဃ) အုပ်စု လပခဇုန် (မန္တလေး) ဗထူး အားကစားကွင်း၌ ကျင်းပသောပြိုင်ပွဲတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းနှင့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းတို့ လေးဂိုးစီဖြင့် သရေပွဲဖြစ်ကာ (င) အုပ်စု တပခ ဇုန် (တောင်ငူ) တပခအားကစားကွင်း၌ ကျင်းပသောပြိုင်ပွဲတွင် အရှေ့မြောက်တိုင်း စစ်ဌာချုပ်အသင်းက အမှတ်(၄၄) ခြေမြန်တပ်မဌာနချုပ်အသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး

## အင်တာနက်အားကစားသတင်းများ

## ဘာစီလိုနာအသင်းတွင် ကျေနပ်မှုရှိကြောင်း အသင်းသားသစ် ဂတ်ဂျွန်ဆင်ပြောကြား

**ဘာစီလိုနာ စက်တင်ဘာ ၂၁**

မိမိသည် ဘာစီလိုနာအသင်းတွင် အရန်ဘောလုံးသမား အခန်းကဏ္ဍ၌သာရှိနေဆဲဖြစ်သော်လည်း ကျေနပ်မှုရှိကြောင်း အီဒူးဂတ်ဂျွန်ဆင်က စက်တင်ဘာ ၂၁ ရက်တွင် ပြောကြားသည်။

ဘာစီလိုနာအသင်းသည် စပိန်နိုင်ငံတွင် လက်ရှိချန်ပီယံအသင်းဖြစ်သည်သာမက ဥရောပ၏ ထိပ်တန်းအသင်းလည်းဖြစ်ကြောင်း ဂတ်ဂျွန်ဆင်က ပြောကြားသည်။

ဘာစီလိုနာအသင်းတွင် ထူးချွန်သည့် ဘောလုံးသမား အများအပြားရှိသဖြင့် ယင်းအသင်းသို့ ရောက်ရှိလာသည့် မည်သည့်ဘောလုံးသမားမဟူ ဦးစားပေးဘောလုံးသမား ၁၁ ဦးစာရင်းတွင် ပါဝင်ရန် ခက်ခဲမည်ဖြစ်ကြောင်း၊ အရန်ဘောလုံးသမားအဖြစ် မိမိရှိနေသော်လည်း ကျေနပ်မှုရှိကြောင်း ဂတ်ဂျွန်ဆင်က ပြောကြားသည်။

ဂတ်ဂျွန်ဆင်သည် အသင်းပြောင်းရွှေ့ကြေး ပေါင်ငွေရှစ်သန်းဖြင့် ဘာစီလိုနာအသင်းနှင့် ပြီးခဲ့သည့် နွေရာသီတွင် ကန်ထရိုက်စာချုပ် လက်မှတ်ရေးထိုးခဲ့သည်။ ၎င်းသည် စပိန်သို့မရောက်မီ ချယ်လ်ဆီးအသင်းတွင် ပါဝင်ကစားခဲ့သည်။

အိုက်စလန်လူမျိုး ဂတ်ဂျွန်ဆင်သည် ဘာစီလိုနာအသင်းတွင် ငါးပွဲကစားခဲ့ရာ လူစားလဲကစားမှု လေးကြိမ်ရှိခဲ့သည်။ ***အင်တာနက်။***

### အကြို လေ့ကျင့်

**စက် တင် ဘာ ၁၁ရက်က ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ အကြို လေ့ကျင့်မှု ပြုလုပ် နေသည့် ဘာစီလိုနာ အသင်းမှ ဂတ်ဂျွန်ဆင်** (ဝဲဘက်မှ တတိယမြောက်) **အား တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*



## ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ လီဗာပူးက နယူးကာဆယ်ကို အနိုင်ရ

**လန်ဒန် စက်တင်ဘာ ၂၁**

အင်္ဂလိပ် ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲကို ဗုဒ္ဓဟူးနေ့က ဆက်လက်ကျင်းပရာ လီဗာပူးအသင်းက နယူးကာဆယ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

**ဂိုးသွင်း**

ပွဲချိန် ၂၉မိနစ်တွင် ဒတ်ကွတ်က စတိဗ်ဖင်နန် ဖြတ်ပို့ပေးလိုက်သော ဘောလုံးမှတစ်ဆင့် ဂိုးသွင်းနိုင်ခဲ့သည်။

ပွဲချိန် ၇၉ မိနစ်တွင် လီဗာပူးအသင်းမှ အလွန်ဆိုက ဂိုးသွင်းခဲ့ရာ နယူးကာဆယ်ဂိုးသမား စတိဗ်ဟာပါ ကာကွယ်နိုင်ခြင်းမရှိပေ။

**ဖိကစားနိုင်**

လီဗာပူးအသင်းသည် နယူးကာဆယ်အသင်းကို ဖိကစားနိုင်ခဲ့သည်။ လီဗာပူးအသင်းမှ လူးဝစ်ဂါစီယာသည် အစောပိုင်းတွင် ဂိုးသွင်းခွင့်ရရှိခဲ့သော်လည်း ဘောလုံးမှာ ဂိုးတိုင်ကိုသာ ထိမှန်ခဲ့သည်။ ***အင်တာနက်။***

**စက်တင်ဘာ ၂၀ရက်က အန်ဖီးလ်ကွင်းတွင် ကျင်းပသော ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ၌ နယူးကာဆယ်အသင်းမှ စကော့ပါကာ** (ဝဲ)**က လီဗာပူးအသင်းမှ ဘယ်လာမီထံမှ ဘောလုံးကို ဖျက်ထုတ်စဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*



## ဒုတိယအကြိမ် ခွဲစိတ်ကုသမှု ဟာရီကီးဝဲလ် ခံယူရမည်

**လန်ဒန် စက်တင်ဘာ ၂၁**

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် ခြေထောက်၌ ထိခိုက်ဒဏ်ရာရရှိခဲ့သူ ဟာရီကီးဝဲလ်သည် ဒုတိယအကြိမ် ခွဲစိတ်ကုသမှုခံယူရမည် ဖြစ်ကြောင်း လီဗာပူးအသင်းက စက်တင်ဘာ ၂၀ ရက်တွင် ပြောကြားသည်။

အသက် (၂၇)နှစ် အရွယ်ရှိ တောင်ပံဘောလုံးသမား ကီးဝဲလ်သည် ဇွန်လနောက်ပိုင်း ဘောလုံးကစားနိုင်ခဲ့ခြင်းမရှိပေ။ ၎င်းသည် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ ခရိုအေးရှားအသင်းနှင့် တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သောပွဲတွင် ဩစတြေးလျအသင်း၌ ပါဝင်ကစားခဲ့သည်။

ကီးဝဲလ်သည် ဇူလိုင်လအတွင်းက ခွဲစိတ်ကုသမှုခံယူခဲ့သည်။ သို့ရာတွင် လိုအပ်ချက်အရ ဒုတိယအကြိမ် ခွဲစိတ်ကုသမှုခံယူရမည် ဖြစ်ကြောင်း လီဗာပူးအသင်းပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဒုတိယအကြိမ် ခွဲစိတ်ကုသမှု ပြီးစီးသည့်အခါတွင်မှ ၎င်းပြန်လည်နာလန်ထူလာနိုင်သည့် ကာလကို သိရှိနိုင်မည်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ကီးဝဲလ်သည် ယခုလအစောပိုင်းက ဆစ်ဒနီမြို့သို့ ပြန်သွားခဲ့သည်။ ၎င်း၏ဝဲဘက်ခြေထောက် ဂျိုင့်ဆက်များတွင် ဘက်တီးရီးယားပိုးဝင်နေသည်ဟု ဆရာဝန်များက ပြောကြားသည်။ ***အင်တာနက်။***



**ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် ဩစတြေးလျအသင်းမှ ဟာရီကီးဝဲလ်အား တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

## ဒေးဗစ်ဘက်ဟမ်း စာချုပ်သစ်ချုပ်ဆိုရေး ရီးယဲလ်မဒရစ် မျှော်လင့်

**မဒရစ် စက်တင်ဘာ ၂၁**

ဒေးဗစ်ဘက်ဟမ်း၏ ကန်ထရိုက်စာချုပ်သစ် ချုပ်ဆိုရေးကိစ္စနှင့်စပ်လျဉ်း၍ ပေါ်ပေါက်နေသည့် ပြဿနာကို လာမည့်ရက်သတ္တသုံးပတ်အတွင်း ဖြေရှင်းနိုင်မည်ဟု မိမိမျှော်လင့်ကြောင်း ရီးယဲလ်မဒရစ်အသင်း၏ဥက္ကဋ္ဌ ရေမွန်ကယ်ဒါရွန်က စက်တင်ဘာ ၂၁ ရက်တွင် ပြောကြားသည်။

ဒေးဗစ်ဘက်ဟမ်း၏ လက်ရှိ ကန်ထရိုက်စာချုပ်သက်တမ်းမှာ လာမည့်နွေရာသီတွင် ကုန်ဆုံးမည်ဖြစ်ရာ ၎င်းအနေဖြင့် လာမည့်ဇန်နဝါရီလမှစ၍ မည်သည့်အသင်းတစ်သင်းနှင့်မဆို ဆွေးနွေးနိုင်မည်ဖြစ်သည်။

**လိုလား**

အင်္ဂလန်အသင်း၏ အသင်းခေါင်းဆောင်ဟောင်း ဘက်ဟမ်းအား ရီးယဲလ်မဒရစ်အသင်းတွင် ဆက်လက်ရှိနေရန် ကယ်ဒါရွန်က လိုလားသည်။

**ပြောင်းရွှေ့**

ဘက်ဟမ်းသည် ၂၀၀၃ ခုနှစ်တွင် မန်ချက်စတာယူနိုက်တက်အသင်းမှ ရီးယဲလ်မဒရစ်အသင်းသို့ အသင်းပြောင်းရွှေ့ကြေး ပေါင်ငွေ ၂၄ဒသမ၅သန်းဖြင့် ပြောင်းရွှေ့လာခဲ့သည်။ သို့ရာတွင် စပိန်နိုင်ငံတွင် ဘက်ဟမ်းကစားသည့် ကာလအတောအတွင်း အဓိကကျသည့် ဆုဖလားကို ရီယဲလ်မဒရစ်အသင်း ရယူနိုင်ခြင်းမရှိသေးပေ။

***အင်တာနက်။***



**စက်တင်ဘာ ၂၅ရက်တွင် စတင်ဖြန့်ချိမည့် ကိုယ်ရေးအတ္ထုပ္ပတ္တိစာအုပ်နှင့်အတူ ဒေးဗစ်ဘက်ဟမ်းအား စက်တင်ဘာ ၁၈ရက်က ၎င်း၏ ဘောလုံးအကယ်ဒမီကျောင်းတွင် တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# ဝန်ကြီးဌာန၏မူဝါဒအတိုင်း ဆောင်ရွက်နိုင်မှုရှိ၊မရှိ ချိန်ထိုးသုံးသပ် အားနည်းသည်များကိုပြုပြင်၍ အားသာချက်များ ဆက်လက်ထိန်းသိမ်း

နေပြည်တော် စက်တင်ဘာ ၂၁

**အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ တက်ရောက်အမှာစကားပြောကြားသည်။**

အစည်းအဝေးသို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး သူရိန်ဇော်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ အဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ပြည်နယ်နှင့်တိုင်း စီမံကိန်းဦးစီးမှူးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဦးစိုးသာက အမှာစကားပြောကြားရာတွင် ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ လူမှုစီးပွား မြန်ဆန်စွာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ထိရောက်စွာ အကျိုးပြုရေး၊ လုပ်ငန်းစွမ်းရည် မြင့်မားရေး၊ ဝန်ထမ်းအရည်အသွေးမြင့်မားရေး၊ သတင်းအချက်အလက် ဆက်သွယ်ရေး နည်းပညာရပ် ထိရောက်စွာ အသုံးပြုရေးနှင့် ပြည်သူများက ယုံကြည်အားထားရသည့် ဝန်ထမ်းဖြစ်စေရေးအတွက် ဝန်ထမ်းကျင့်ဝတ်နှင့် စည်းကမ်းလိုက်နာထိန်းသိမ်းရေးဟူ၍ မူဝါဒ (၅)ရပ် ချမှတ်ပြီး လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဌာန၊ အဖွဲ့အစည်းများအနေဖြင့် မိမိတို့၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုကို ဝန်ကြီးဌာန၏ မူဝါဒအတိုင်း ဆောင်ရွက်နိုင်မှုရှိ၊ မရှိ ချိန်ထိုးသုံးသပ်ကြည့်ပြီး အားနည်းသည်များကို ပြုပြင်ဆောင်ရွက်ရန်နှင့် အားသာချက်များကို ဆက်လက် ထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊



**အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

မိမိတို့နိုင်ငံအနေဖြင့် စတုတ္ထကာလတို(၅)နှစ် စီမံကိန်းကို ၂၀၀၆-၂၀၀၇ခုနှစ်မှ ၂၀၁၀-၂၀၁၁ ခုနှစ်အထိ ရေးဆွဲ အကောင်အထည်ဖော်လျက်ရှိရာ ယခုအချိန်သည် စီမံကိန်း ပထမနှစ်ဖြစ်သည့် ၂၀၀၆-၂၀၀၇ ခုနှစ် စီမံကိန်း ရည်မှန်းချက်များအပေါ် ဩဂုတ်လကုန်အထိ အကောင်အထည်ဖော်ပြီးဖြစ်ကြောင်း၊ အကောင်အထည်ဖော်ပြီးစီးမှုအပေါ် မူတည်၍ အားသာ အားနည်းချက်များကို သုံးသပ်ပြီး ၂၀၀၆-၂၀၀၇ ခုနှစ် ရည်မှန်းချက်များကို နှစ်ကုန်ဆုံးချိန်တွင် ပြည့်မီကျော်လွန်အောင် ဖိဖိစီးစီး ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ အဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ်များက မိမိတို့ဌာနအလိုက် ၂၀၀၆ ခုနှစ် ဩဂုတ်လကုန်အထိ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်နယ်နှင့်တိုင်း စီမံကိန်းဦးစီးမှူးများက မိမိတို့ ပြည်နယ်နှင့်တိုင်းအလိုက် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် ပတ်သက်၍ ဆောင်ရွက်လျက်ရှိသော စီမံကိန်းဆိုင်ရာ ကိစ္စရပ်များကို တင်ပြကြသည်။

ယင်းနောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသူရိန်ဇော်က တင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးပြီး အမှာစကားပြောကြားသည်။

ထို့နောက် ဝန်ကြီး ဦးစိုးသာက နိဂုံးချုပ်မှာကြားပြီး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)



**ကွယ်လွန်သူ မိဘနှစ်ပါးနှင့် အစ်ကို၊ အစ်မများအား ရည်စူး၍ ရန်ကုန်မြို့ အလုံမြို့နယ် ဌာနာရပ်ကွက် ဌာနာလမ်းနေ ဒေါ်သန်းမြင့်က ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးနှင့် ဆွမ်းပဒေသာပင်အတွက် အလှူတော်ငွေကျပ် ၁၅၀၀၀၀ ကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ-နိ(ပင်မ) ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)



**စမ်းချောင်းမြို့နယ် လင်းလွန်းတောင်ရပ်ကွက် ဗဟိုလမ်း ပန်းတနော်လမ်းထောင့် သုခိတာရာမပရိယတ္တိစာသင်တိုက် (၂၅)နှစ်မြောက် ငွေရတုပွဲတော် ကျင်းပရေးအတွက် ပန်းဘဲတန်းမြို့နယ် (၂၇)လမ်းနေ ဦးပါ-ဒေါ်အမာမိသားစုနှင့် ဦးဘိုးရင်-ဒေါ်လွန်မေမိသားစုတို့က ငွေရတုမုခ်ဦးအတွက် အလှူငွေကျပ် ၂၄သိန်းကို ငွေရတုသဘင် ကျင်းပရေးကော်မတီသို့ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

# နေပြည်တော်နှင့် အနီးတစ်ဝိုက်ရှိ မြေလွတ်မြေရိုင်းများကိုဖော်ထုတ် မွေးမြူရေးဇုန်များ တည်ထောင်ပြီး အသားစားသုံးမှုဖူလုံရန်ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၁

**မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးဇုန် ဖော်ထုတ်မှုလုပ်ငန်း အကောင်အထည်ဖော်ရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

ရှေးဦးစွာ မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းက အမှာစကား ပြောကြားရာတွင် နေပြည်တော်နှင့် အနီးတစ်ဝိုက်ရှိ မြေလွတ်၊ မြေရိုင်းများကို ဖော်ထုတ်၍ မွေးမြူရေးဇုန်များ တည်ထောင်ပြီး အသားစားသုံးမှု ဖူလုံစေရန် အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားရန် ဖြစ်ကြောင်း၊ မွေးမြူရေးဇုန်များ တည်ထောင်ပြီးပါက မွေးမြူမည့် တိရစ္ဆာန်များအတွက် ဒေသထွက် တိရစ္ဆာန်အစာ၊ တိရစ္ဆာန်ကျန်းမာရေး၊ ဈေးကွက်အပါအဝင် လိုအပ်သော အစီအမံများလည်း ယခုကတည်းက ကြိုတင်ပြင်ဆင်ထားရန် ဖြစ်ကြောင်းဖြင့် မှာကြားသည်။



**မော်လမြိုင်မြို့ မရမ်းကုန်းရပ်ရှိ သမိုင်းဝင် ကျိုက်သုတ်ဆံတော်ရှင် မြတ်ကြီး၏ ပရိဝုဏ်အတွင်း အရံစေတီတော်များ ပြုပြင်တည်ဆောက်ရေး အတွက် အလှူငွေပေးအပ်ပွဲကို စက်တင်ဘာ ၁၇ ရက်က ကျိုက်သုတ်စေတီတော်မြတ်ကြီးမွေ့ရာရုံတွင် ကျင်းပရာ မော်လမြိုင်မြို့နေ ဦးမောင်မောင်လွင်-ဒေါ်ခင်ခင်ထွေး(ရမ္မာကဖီး)မိသားစုက ငွေကျပ်လေးသိန်း ပေးအပ်လှူဒါန်းရာ ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးရွှေရင် လက်ခံရယူစဉ်။** (၃၀၇)

## ရှင်းလင်းတင်ပြ

ထို့နောက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာအောင်ကြီးက တပ်ကုန်းမြို့နယ် ကံကြီးကျေးရွာရှိ အမှတ်(၁) မွေးမြူရေးဇုန် ဖော်ထုတ်ထားရှိနိုင်မှုကို မြေပုံဇယားများဖြင့် ရှင်းလင်းတင်ပြသည်။

## စီမံခန့်ခွဲရေး

ဆက်လက်၍ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွန့်က မွေးမြူရေးဇုန်များ၌ လိုအပ်သော စီမံခန့်ခွဲရေးပိုင်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မွေးမြူရေးလုပ်ငန်းရှင်များက သိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး ပရဆေးပျိုးဥယျာဉ် ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၂၁**

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးသည် စက်တင်ဘာ ၂၀ ရက် နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ တိုင်းရင်းဆေးပရဆေးပျိုးဥယျာဉ်သို့သွားရောက်၍ ဥယျာဉ်တိုးချဲ့ဆောင်ရွက်နေမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ထို့နောက် ဒုတိယဝန်ကြီးက တိုင်းရင်းဆေးပရဆေးပျိုးဥယျာဉ်အတွင်း တိုးချဲ့သတ်မှတ်ထားသော ဥယျာဉ်မြေနေရာ၊ ပရဆေးပျိုးဥယျာဉ်နှင့် သုတေသနဓာတ်ခွဲခန်းတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား တိုင်းရင်းဆေးဝါးများကို မှတ်ပုံတင်ရာတွင် လူနာများဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် ရေတိုရေရှည် အဆိပ်သင့်မှုကင်းဝေးအောင် သေချာစွာ စိစစ်သွားရန်၊ တိုင်းရင်းဆေးဝါးများ၏ အစွမ်းထက်မှုသုတေသနလုပ်ငန်းများကို ပိုမိုတိုးချဲ့ဖော်ထုတ်ရန် ဆေးသုတေသနဦးစီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန်မှာကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# အဆို၊ အက၊ အရေး၊ အတီး အပါအဝင် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမခံရအောင် တားဆီးကာကွယ်ရေးသည် သမိုင်းပေးတာဝန်ဖြစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအတွက် အလှူငွေပေးအပ်ပွဲကျင်းပ




(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအတွက် ပထမအကြိမ် အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် အလှူရှင်တစ်ဦးထံမှ အလှူငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၂၁

**(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအတွက် ပထမအကြိမ် အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် နေပြည်တော်ရှိ အထူးဖွံ့ဖြိုးရေးစီမံကိန်းရှင်းလင်းဆောင်၌ကျင်းပရာ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် တက်ရောက်၍ အမှာစကားပြောကြားပြီး အလှူငွေများကို လက်ခံသည်။**

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဘဏ္ဍာငွေရှာဖွေရေးနှင့် ဆုချီးမြှင့်ရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေနှင့် ဆပ်ကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ အလှူရှင်များ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

ရှေးဦးစွာ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က အမှာစကားပြောကြားရာတွင် **စာမျက်နှာ ၉ ကော်လံ ၁ သို့** ✻

## NLD ပါတီအပေါ် အယုံအကြည် မရှိ ပါတီ၏လုပ်ငန်းများကို စိတ်ပါဝင်စားမှု မရှိတော့သဖြင့် ဘုတလင်မြို့နယ် NLD ပါတီဝင် ၂၁ဦး စုပေါင်းနုတ်ထွက်

**ရန်ကုန် စက်တင်ဘာ ၂၁**

စစ်ကိုင်းတိုင်း ဘုတလင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ပန်မိုကျေးရွာမှ ဦးစိုးလွင်၊ ဦးစောမြင့်အောင်၊ ဦးညို၊ ဦးသန်းရင်၊ ဦးမြေမောင်၊ ဦးမြင့်အောင်၊ ဦးငြိမ်း၊ ဦးဝင်းနိုင်၊ ဦးလှမြင့်၊ ဦးဝင်း၊ ဦးလှမောင်၊ ဦးမြေလှိုင်၊ ဦးဒွေး၊ ဦးကောင်းလှိုင်၊ ဦးတင့်၊ ဦးရာပို၊ ဦးသန်းမြင့်၊ ဦးတင်နွယ်၊ ဦးအောင်လွင်၊ ဒေါ်အေးပုနှင့် ဒေါ်ခင်စန်းဝင်းတို့သည် ဩဂုတ် ၂၁ ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်စာများကိုလက်မှတ်ရေးထိုးကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ဌာနချုပ်သို့လည်းကောင်း၊ သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့လည်းကောင်း ပေးပို့နုတ်ထွက်ခဲ့ကြသည်။

ဘုတလင်မြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်သို့ ပေးပို့ခဲ့သည့် အဆိုပါပါတီဝင် ၂၁ ဦးတို့၏ နုတ်ထွက်လွှာတွင် ၎င်းတို့သည် NLD ပါတီအပေါ် အယုံအကြည်မရှိတော့သဖြင့်လည်းကောင်း၊ ပါတီ၏လုပ်ငန်းများကို စိတ်ပါဝင်စားမှုမရှိတော့သဖြင့်လည်းကောင်း ပါတီဝင်အဖြစ်မှ ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)

| မှတ်သားဖွယ်ရာ မိုးရေချိန်များ | | ၂၁-၉-၂၀၀၆ |
|---|---|---|
| နေပြည်တော် | — | ၀ ဒသမ ၄၀ လက်မ |
| အမ်း | — | ၇ ဒသမ ၇၅ လက်မ |
| ကျောက်ဖြူ | — | ၆ ဒသမ ၃၄ လက်မ |
| မောင်တော | — | ၅ ဒသမ ၁၂ လက်မ |
| ရွှေကျင် | — | ၂ ဒသမ ၆၈ လက်မ |
| စစ်တွေ | — | ၂ ဒသမ ၄၄ လက်မ |
| ကျောက်တော် | — | ၂ ဒသမ ၄၀ လက်မ |
| ပြင်ဦးလွင် | — | ၂ ဒသမ ၀၁ လက်မ |
| ကန့်ဘလူ | — | ၁ ဒသမ ၈၉ လက်မ |
| ရွှေဘို | — | ၁ ဒသမ ၁၁ လက်မ |
| မန္တလေး | — | ၁ ဒသမ ၀၂ လက်မ |

**အ င် တာ န က် ကျ န်း မာ ရေး သ တ င်း**

## အဆီများသော ငါးကို စားသုံးခြင်းအားဖြင့် အမျိုးသမီးများတွင် ကျောက်ကပ်ကင်ဆာဖြစ်ပွားမှု လျော့ကျနိုင်

ပေကျင်း စက်တင်ဘာ ၂၁

**အဆီများသော ငါးကို စားသုံးခြင်းအားဖြင့် အမျိုးသမီးများတွင် ကျောက်ကပ်ကင်ဆာရောဂါဖြစ်ပွားမှုကို လျော့ကျစေနိုင်ကြောင်း ဆွီဒင်သိပ္ပံပညာရှင်များက လေ့လာတွေ့ရှိခဲ့ကြသည်။**

အမျိုးသမီးများတွင်ဖြစ်ပွားလေ့ရှိသော ကျောက်ကပ်ကင်ဆာရောဂါကို အဆီများသော ငါးများ၏အသား၌ ပါဝင်သည့် အိုမီဂါ-၃ ဖက်တီးအက်ဆစ်နှင့် ဗီတာမင်ဒီဓာတ်တို့က လျှော့ချပေးခြင်းဖြစ်နိုင်သည်ဟု သုတေသီများက ယူဆကြသည်။ ၎င်းတို့၏တွေ့ရှိချက်ကို အမေရိကန်ဆေးပညာရှင်များအသင်း ဂျာနယ်တွင် ဖော်ပြခဲ့ကြသည်။

ယခုလေ့လာသုတေသနပြုလုပ်သည့်လုပ်ငန်းကို ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့ ကရောလင်ကာတက္ကသိုလ်မှ ပညာရှင် အယ်လီဂျဝုဒ်နှင့်အဖွဲ့ကပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။ ၎င်းတို့သည် အသက် (၄၀)မှ (၇၆)နှစ်အတွင်းရှိ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ●

**အဆီများသော ငါးတစ်မျိုးဖြစ်သည့် ပင်လယ်ငါးသလောက်တစ်ကောင်ကို ဖမ်းဆီးထားစဉ်။**
(ဓာတ်ပုံ-အင်တာနက်)



## မုန်တိုင်းငယ် ကုန်းတွင်းသို့ ဖြတ်ကျော်ဝင်ရောက်

ရန်ကုန် စက်တင်ဘာ ၂၁

**ယနေ့နံနက်မြန်မာစံတော်ချိန် ၉နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံအနောက် ဘင်္ဂါလီကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်လျက်ရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ကြေညာထားသည်။**
(သတင်းစဉ်)